BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၀) ခရစ်နှစ် ၂၀၀၇ ခုနှစ်၊ ဧပြီလ။ * မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## ယခင်ညီလာခံကျင်းပပုံကျင်းပနည်းများအတိုင်း ဆက်လက်ကျင်းပပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တက်ရောက်ရန်အခြေအနေမရှိ



မကြာခင်ကမှ ပြန်လည်လွတ်မြောက်လာသော အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ နှင့် အတွင်းရေးမှူး ဦးလွင်တို့ ပါတီရေးရာများ ဆွေးနွေးနေစဉ်

ဧပြီ(၁၃)ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးလွင်တို့ လွတ်မြောက်လာခဲ့ပြီး ပထမဦးစွာကျင်းပသော ဗဟိုအလုပ်အမှုဆောင် (၇)ဦး အစည်းအဝေးမှ နအဖ အမျိုးသားညီလာခံကို ယခင်ကျင်းပပုံကျင်းပနည်းများအတိုင်း ဆက်လက်ကျင်းပမည်ဆိုပါက အဖွဲ့ချုပ်က တက်ရောက်ရန် အခြေအနေရှိမည် မဟုတ်ကြောင်း သက္ကရာဇ် ၂၀၀၄ ခုနှစ် ဧပြီ(၁၆)ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်တွင် "အကယ်၍သာ ယခုကျင်းပမည့် အမျိုးသားညီလာခံသည်လည်း ယခင်ကျင်းပခဲ့သည့်ညီလာခံ၏ လုပ်ထုံးလုပ်နည်းများ၊ ကျင်းပပုံ ကျင်းပနည်းများအတိုင်းသာ ဆက်လက်ကျင်းပမည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ညီလာခံသို့ ပြန်လည်တက်ရောက်နိုင်ဖွယ်ရာ အခြေအနေပေးနိုင်ခြင်းရှိမည် မဟုတ်ပေ"ဟူ၍ ထုတ်ဖော်ကြေညာခဲ့သည်။

ထို့ပြင် အဖွဲ့ချုပ်ထိပ်တန်းခေါင်းဆောင် (၂)ဦးဖြစ်သော ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ပြန်လွှတ်မပေးမချင်း၊ အဖွဲ့ချုပ်ရုံးများကို ပိတ်ထားခြင်း၊ အဖွဲ့ချုပ်လုပ်ငန်းများ ပြည့်ဝစွာ ဆောင်ရွက်နိုင်သည့် အခြေအနေမပေးခြင်းတို့ကို လုံးဝလက်မခံကြောင်း ပြတ်သားစွာ ဖော်ပြထားသည်။

ထို့အပြင် ညီလာခံဖိတ်စာကို အဖွဲ့ချုပ်သို့ ပေးပို့ခြင်း မရှိပဲ ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပေးပို့မှုများကိုလည်း လက်မခံဘဲ ငြင်းဆိုခဲ့သည်။

အဖွဲ့ချုပ်၏ ကြေညာချက်တွင် အမျိုးသားညီလာခံနှင့် ပတ်သက်သည့် အဖွဲ့ချုပ်၏ သဘောထားများကို ရှင်းလင်းစွာ ဖော်ပြထားပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အကြံပြုချက် (၇)ချက်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

❖



## အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က စဉ်းစားသုံးသပ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အပြုသဘောအကြံပြုချက်

၁၆-၄-၀၄

(က) မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်ကြမည်ဖြစ်သည်ကြောင့် ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်စေရန် ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ ဦးတည်ချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ခြင်း၊

(ခ) ယခင်ညီလာခံ၏ လုပ်ထုံးလုပ်နည်းများသည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်ရန်အတွက် တွေ့ဆုံညှိနှိုင်း ဖြေရှင်းမှု မရှိသေးခြင်း၊

(ဂ) ယခင်ညီလာခံက ချမှတ်ခဲ့ပြီးသော၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများ ဖြစ်သည့် (၁၀၄) ချက်ဆိုသည်တို့ကိုသာ စွဲကိုင်ထားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထင်မြင်ယူဆရခြင်း၊

(ဃ) အမျိုးသားညီလာခံ ဖိတ်ကြားခြင်းကိစ္စကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို)တွင်သာ လုံးဝတာဝန်ရှိသည်ကြောင့် ၁၉၉၃ ခုနှစ်က နည်းတူ အဖွဲ့ချုပ်ဗဟိုသို့သာ ဖိတ်ကြားရမည်ဖြစ်ခြင်း၊

(င) အမျိုးသားညီလာခံ တက်ရောက်ရန် ဖိတ်ကြားစာ ပေးပို့သည့်ရက်နဲ့ ကျင်းပမည့်နေရာတို့ လွန်စွာ နီးကပ်နေသဖြင့် အဖွဲ့ချုပ်အတွင်း ဆွေးနွေးညှိနှိုင်းချိန် လုံလောက်မှု မရှိဖြစ်နေခြင်း၊ အထူးသဖြင့် အဖွဲ့ချုပ်ခေါင်းဆောင်များ ထိန်းသိမ်းခံခဲ့ရ၊ ခံရဆဲဖြစ်ခြင်းကြောင့် အဖွဲ့ချုပ်အတွင်း လိုအပ်သော ဆွေးနွေးမှုများ မပြုလုပ်နိုင်ခဲ့ခြင်း၊

(စ) အမျိုးသားညီလာခံနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော (၅/၉၆) ဥပဒေကို ပြန်လည်ပြီး ရုပ်သိမ်းပေးမှုမရှိခြင်း၊ (၉-၄-၀၄)ရက်နေ့က ကြေညာချက်များ ချရန်ကိစ္စအတွက် ပတ်ဝန်းကျင်အခြေအနေများ သာယာဖြောင့်ဖြူးနေစေရန် လိုအပ်သည်။

(ဆ) အကယ်၍ ညီလာခံကိစ္စနှင့် ပတ်သက်၍ တစ်ဖက်နဲ့တစ်ဖက် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမရှိဘဲ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ ညီလာခံသို့ တက်ရောက်ပြီး ညီလာခံမှ တဖန်ပြန်လည်ထွက်ခွာရမည့် အတွေ့အကြုံမျိုးကို ထပ်မကြုံတွေ့လိုခြင်း၊ အကယ်၍ ကြုံလာပါလျှင် ပြည်သူလူထုအမြင်တွင်လည်းကောင်း၊ နိုင်ငံတကာ အမြင်တွင်လည်းကောင်း သိက္ခာကျနိုင်မည်ဖြစ်ခြင်း။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး ဒေါ်စုအိမ်၌ တွေ့ဆုံဆွေးနွေးခွင့်ရ

နေအိမ်အကျယ်ချုပ် ချထားခံရသော အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြန်လည်လွတ်မြောက်လာပြီးဖြစ်သည့် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေအပါအဝင် ကျန် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် (၇)ဦး စုစုပေါင်း(၉)ဦးတို့သည် (၁၀)လ ကြာမြင့်ပြီးနောက်ပိုင်း ၂၇-၄-၀၄ နေ့၌ ပထမဦးဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ တွေ့ဆုံဆွေးနွေးကြသည်ဟု သိရှိရသည်။

ဧပြီ(၂၇)နေ့က ကျင်းပခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံး ပါဝင်သော စုံညီအစည်းအဝေးသည် (၃)နာရီခွဲမျှ ကြာမြင့်ခဲ့ပြီး အမျိုးသားညီလာခံ တက်ရောက်ရေးနှင့် စပ်လျဉ်း၍ တစုံတရာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း မရှိသေးဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အမည်မဖော်လိုသူ ခေါင်းဆောင်တဦးက အေအက်ဖ်ပီသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးလွင်က အတည်ပြုခဲ့သည်ဟု သတင်းများအရ သိရှိရသည်။ ❖

## ၉၆ ညီလာခံ အခြေခံမူများ ဆက်လက်ကျင့်သုံးမည် နအဖ တွင်း(၂)က ထုတ်ဖော်ပြောဆို

၁၉၉၃ ခုနှစ်က စတင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရသည့် အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်နှင့် အခြေခံမူ(၁၀၄)ချက်တို့ကို မပြောင်းလဲဘဲ ဆက်လက်ကိုင်စွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယခင်ဖိတ်ကြားခဲ့သည့် ညီလာခံ အစုအဖွဲ့များကိုပင် ပြန်လည်ဖိတ်ကြားသွားမည်ဟု ၁၉-၄-၀၄ နေ့တွင် ကျင်းပသော မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင် ပြုလုပ်သည့် ညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးတွင် ညီလာခံကော်မရှင် ဥက္ကဋ္ဌ နအဖ

စာမျက်နှာ(၁၅)ကော်လံ(၄)သို့ ❍

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

# အယ်ဒီတာ့အာဘော်

## ယနေ့ကာလသမိုင်းရေးဆိုင်ရာ နိုင်ငံရေးတာဝန်

မြန်မာပြည်၏ ယနေ့လက်ရှိနိုင်ငံရေးအခြေအနေသည် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပြီး၊ စစ်အုပ်စုနှင့် အဖိနှိပ်ခံပြည်သူတို့၏ ပဋိပက္ခသည် ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာသည်နှင့်အမျှ သိမ်မွေ့ညင်သာသည့် အနေအထားတရပ်ဆီသို့ ကူးပြောင်းလျက်ရှိသည်။ မည်သည့်ဘက်ကမှ အမှားမခံနိုင်သော အနေအထားတရပ်ပင်ဖြစ်သည်။ အယူဝါဒ၊ ဂိုဏ်းဂဏ၊ ပုဂ္ဂိုလ်ရေးနှင့် ပါတီအဖွဲ့အစည်းများ၏ အကျိုးစီးပွားထက် ပြည်သူလူထု၏ အကျိုးစီးပွားကို အပူတပြင်း တောင်းဆိုလျက်ရှိသည်။ ပြည်တွင်းမှ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများ၊ လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်ခေါင်းဆောင်ကြီးများနှင့် အထူးသဖြင့် အကျဉ်းခံနိုင်ငံရေးသမားများ၏ စွန့်လွှတ်အနစ်နာခံသော၊ ပိုင်းဖြတ်မှုရှိသော ပြည်သူ့အကျိုးစီးပွားကို ကျိုးနွံစွာ အလုပ်အကျွေးပြုနေမှုများမှာ အောင်ပွဲ၏ အာမခံချက်သင်္ကေတများသဖွယ် တွေ့မြင်နေရသည်။ ခြုံ၍သုံးသပ်ရသော် စစ်အုပ်စုသည် နိုင်ငံရေးအရ အကျဘက်သို့ ရွေ့ရှုလျက်ရှိပြီး မိမိတို့ဘက်မှာ ခိုင်မာပြတ်သား၍ ရဲရင့်တည်ကြည်သည့် ဦးဆောင်မှုကြောင့် အောင်ပွဲနှင့် ပို၍နီးကပ်လာနေပေသည်။

ထူးခြားတိုက်ဆိုင်စွာပင် မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၏ သတ္တမ အကြိမ်ကွန်ဖရင့်ကို မကြာမီရက်များတွင် ကျင်းပတော့မည်ဖြစ်သည်။ ဂိုဏ်းဂဏဝါဒ၊ မလိုမုန်းတီးမှုများနှင့် ကိုယ်ကျိုးရှာမှုများ၊ ကိုယ်ကျိုးစီးပွားပဋိပက္ခများ (Conflicts of interest)ကို ရှောင်ကြဉ်၍ ပြည်တွင်းတိုက်ပွဲများကို ပိုမိုအားကောင်းလာစေရန် အတွက် အဖက်ဖက်မှ ဝန်းရံတိုက်ပွဲဝင်နိုင်မည့် အခြေအနေများကို ဖန်တီးရန်မှာ ယနေ့ကာလ မြန်မာနိုင်ငံအမျိုးသားကောင်စီ ခေါင်းဆောင်မှု၏ သမိုင်းတာဝန်ဖြစ်လာသည်။

တတိယထောင်စုနှစ် အဆန်းပိုင်းကာလ နိုင်ငံတကာအခြေအနေများနှင့် မြန်မာအခြေအနေကို ကြည့်လျှင် မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အဖက်ဖက်မှ နိမ့်ကျဆုတ်ယုတ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ သမိုင်းတွင် မယှဉ်သာလောက်အောင် အမျိုးသားဂုဏ်သိက္ခာ နိမ့်ကျလျက်ရှိပြီး ဆက်လက်၍ ယင်းနိမ့်ကျဆုတ်ယုတ်မှုများ ဖြစ်ထွန်းနေမည်ဆိုပါက နောက်ဆယ်စုနှစ်အတွင်း လူမျိုးနှင့် တိုင်းပြည်ပါ ပျက်သုဉ်းသွားနိုင်သည့်အန္တရာယ်ကို တွေ့မြင်နေရသည်။ ဤအခြေအနေဆိုးကို ကာကွယ်နိုင်ရန် တခုတည်းသောနည်းလမ်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးအင်အားကို တည်ဆောက်ခြင်းပင် ဖြစ်သည်။ မိမိတို့အင်အားစုများမှ မည်မျှပင် အမျိုးသားတရပ်လုံး၏ လိုအပ်ချက်ဖြစ်သော စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် ကြိုးပမ်းစေကာမူ နအဖစစ်အစိုးရသည် ပိုမိုနက်ရှိုင်းသော အလုံးစုံ ကြေမွပျက်သုဉ်းရေးလမ်းကြောင်းဆီသို့ တိုင်းပြည်အား တွန်းပို့သည်ကို အထင်အရှားတွေ့ရသည်။ ဤသည်မှာ နအဖ၏ မောက်မာထောင်လွှားမှု ဖြစ်သည်။ သို့သော် နအဖအား မဖျက်သိမ်းနိုင်ခဲ့။ ဤသည်မှာ မိမိတို့ အင်အားစုများ၏ **အားနည်းချက်** ဖြစ်သည်။ နအဖ၏ မောက်မာမှုနှင့် မိမိတို့၏အားနည်းချက်တို့ကြောင့် တိုင်းပြည်မှာ ပိုမိုဆိုးဝါးသောအခြေအနေများဆီသို့ ရွေ့ရှုလျက်ရှိသည်။ မိမိတို့၏ **အားနည်းချက်**များကို ထိရောက်စွာ ဆောင်ရွက်နိုင်မှု (Effectiveness)ဖြင့် အစားထိုး၍ နအဖ စစ်အုပ်စုဖျက်သိမ်းရေးသည် ယနေ့ကာလတာဝန်ဖြစ်သည်။

**မိမိတို့တွင် ထိရောက်စွာ ဆောင်ရွက်နိုင်မှုများဖြစ်ထွန်းစေရေး၏ အဓိက မောင်းနှင်အားမှာ ခိုင်မာကျစ်လစ်သော တပ်ပေါင်းစုတရပ်၏ ဦးဆောင်မှုအောက်တွင် ပြည်သူများပါဝင်တိုက်ပွဲဝင်နိုင်မည့်လုပ်ငန်းစဉ်များ (Programs) ကို စနစ်တကျ အကောင်အထည်ဖော်ရေးဖြစ်သည်။** အထူးသဖြင့် တတိယထောင်စုနှစ်တွင် မြန်မာ့လူ့အဖွဲ့အစည်း၏ လူငယ်မျိုးဆက်သစ်များအား ပိုမိုတောက်ပထွန်းလင်းသောအနာဂတ်ကို အမွေပေးနိုင်ရန်အတွက် စစ်အာဏာရှင်စနစ်ကို အကုန်အစင် ဖျက်သိမ်းရန်မှတပါး အခြားမရှိ။ ယနေ့ကာလသည် စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းနိုင်ရေးအတွက် အမျိုးသားသွေးစည်းညီညွတ်ရေးစွမ်းပကားဖြင့် နည်းလမ်းပေါင်းစုံ အသုံးပြုတိုက်ပွဲဝင်ရမည့် အလှည့်အပြောင်းကာလ ဖြစ်ပေသည်။

❖

## ၉၆ မူကို မပြုပြင်က ညီလာခံမတက်

## သုံးပွင့်ဆိုင်ဆွေးနွေးပွဲကိုသာ တောင်းဆို

၂၀၀၄ ခုနှစ် ဧပြီလ (၁)ရက်နေ့က ကျင်းပခဲ့သော ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (UNA) အစည်းအဝေးမှ ၉၆ မူကို မပြုပြင်လျှင် UNA က ညီလာခံမတက်နိုင်ကြောင်း၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ညီလာခံမျိုးဖြစ်သင့်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။



ဦးခွန်ထွန်းဦး

UNA ၏ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက အရွေးချယ်ခံပုဂ္ဂိုလ်များ၊ တိုင်းရင်းသားများ၊ အဲန်အယ်လ်ဒီနှင့် နအဖများလည်း ပါဝင်သည့် သုံးဦး သုံးဖလှယ် ဆွေးနွေးပွဲမှတဆင့် ညီလာခံသို့သွားရန် လိုအပ်သည်ဟု အခိုင်အမာ ထုတ်ဖော်ပြောဆိုခဲ့သည်။

သို့သော် ယခု မေ(၁၇)ရက်နေ့တွင် ကျင်းပမည့်ညီလာခံသည် ယခင်မူများအတိုင်း ဆက်သွားရန် ရှိမရှိ၊ ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ရန် ရှိမရှိ၊ မည်သူတို့ကို ဖိတ်ကြားမည်စသည်ဖြင့် ရှင်းရှင်းလင်းလင်း မသိရသေး၍ UNA မှ တိကျသည့်ဆုံးဖြတ်ချက် မချနိုင်ဟု ဆိုသည်။ ❖

## ချင်းလူထု သဘောထားတူညီမှုရရှိရေးတည်ဆောက်မှု ဆွေးနွေးပွဲမှ

## သုံးပွင့်ဆိုင်ဆွေးနွေးပွဲအား တောင်းဆို

ချင်းလူထု သဘောထားတူညီမှုရရှိရေး တည်ဆောက်မှုဆိုင်ရာ ဆွေးနွေးပွဲတရပ်ကို ချင်းပြည် ဗစ်တိုးရီးယားစခန်း၌ ၂၀၀၄ ခုနှစ် ဧပြီလ(၇)ရက်နေ့မှ (၁၀)ရက်နေ့ထိ ကျင်းပခဲ့ရာ၊ CNF၊ CNLA၊ မရာပြည်သူ့ပါတီ၊ ZNC၊ NLD-LA နှင့် လူထုအခြေပြုအဖွဲ့အစည်း (၁၉)ဖွဲ့မှ ကိုယ်စားလှယ် စုစုပေါင်း (၉၅)ဦး တက်ရောက်ခဲ့သည်ဟု ထုတ်ပြန်ကြေညာချက်များအရ သိရှိရသည်။

ယင်းဆွေးနွေးပွဲမှ ဥက္ကဋ္ဌ သောမတ်ထန်သိုး ခေါင်းဆောင်သော ချင်းပြည်နယ်ဆိုင်ရာကော်မတီတရပ်ကို ဖွဲ့စည်းခဲ့ပြီး နအဖ၏လမ်းပြမြေပုံသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးမတည်နိုင်ဟု သုံးသပ်ကာ ကုလသမဂ္ဂ အထွေထွေညီလာခံမှ ၁၉၉၄ ခုနှစ်မှစ၍ ချမှတ်ခဲ့သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြင့်သာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဖော်ပြခဲ့သည်။

ထို့ပြင် စစ်မှန်သောအမျိုးသားညီလာခံဖြစ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊ နိုင်ငံရေးပါတီများအား လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုရန်၊ တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ ဦးတည်ချက် (၆)ရပ်နှင့် အခြေခံမူ (၁၀၄)ချက်အား စွန့်လွှတ်ရန်၊ ရွေးချယ်ခံကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ်များ တက်ရောက်ခွင့်ရရန်၊ ညီလာခံကိုယ်စားလှယ်များမှ လွတ်လပ်စွာ ဆွေးနွေးဆုံးဖြတ်ခွင့် ရရှိရန်နှင့် ဆုံးဖြတ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ရန်တို့ကို တောင်းဆိုခဲ့သည်။



ဒေါက်တာရိုဒင်းငါ
(NLD-LA ဗဟိုကော်မတီဝင်)

ယင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ NLD-LA ဗဟိုကော်မတီဝင်ဒေါက်တာရိုဒင်းငါက "ချင်းလူထု၏ အကျိုးစီးပွားသည် ကျန်ပြည်သူတို့၏ အကျိုးစီးပွားနှင့် တထပ်တည်းဖြစ်ပြီး ခွဲခြားမရကြောင်း၊ ဗစ်တိုးရီးယားသဘောတူညီချက်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများနှင့် ဟပ်စပ်မှု ရှိနေပြီး ပြည်သူလူထု၏ ပကတိလိုအပ်ချက်ဖြစ်သော အမျိုးသားသွေးစည်းညီညွတ်ရေးကို ချင်းလူထု၏ ယခုအစည်းအဝေးက အထောက်အကူပြုခြင်းဖြစ်ကြောင်း" မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ❖



# နအဖ အမျိုးသားညီလာခံ ဖိတ်စာများ စတင်ပေးပို့နေ
# အဖွဲ့အစည်းအလိုက်မဖိတ်ကြားဘဲ ပုဂ္ဂိုလ်ရေးအရဖိတ်



ဦးညွန့်ဝေ

မေ(၁၇)ရက်နေ့တွင် ညောင်နှစ်ပင် (မှော်ဘီ)၌ ကျင်းပမည့် အမျိုးသားညီလာခံအား တက်ရောက်ရန် ဖိတ်စာများကို ယခင်ကာလ ဖိတ်ကြားမှုပုံစံနှင့်မတူဘဲ စတင်ပေးပို့နေပြီ ဖြစ်ကြောင်း သိရှိရသည်။

ယခင်က ဖိတ်ကြားပုံမှာ အဖွဲ့ချုပ်သို့ တိုက်ရိုက်ပေးပို့ခဲ့ပြီး အဖွဲ့ချုပ်မှတဆင့်သာလျှင် တက်ရောက်မည့် ကိုယ်စားလှယ်များအား ရွေးချယ်ဖိတ်ကြားပေးခြင်း ဖြစ်သည်။ တနည်းအားဖြင့် တက်ရောက်မည့် အဖွဲ့ချုပ်ကိုယ်စားလှယ်အားလုံးသည် အဖွဲ့ချုပ်အား ကိုယ်စားပြုတက်ရောက်ခြင်း ဖြစ်သည်။

ယခုအခါတွင်မူ ဦးညွန့်ဝေအား ပါတီကိုယ်စားလှယ်အဖြစ် ဖိတ်ကြား၍ ကျန်ပုဂ္ဂိုလ်များအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် နအဖမှ တိုက်ရိုက်ဖိတ်ကြားခဲ့သည်ဟု သိရသည်။

ထိုဖိတ်ကြားမှုများနှင့် ပတ်သက်၍ သာယာဝတီ အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးက ဖိတ်ကြားပုံနည်းလမ်း မမှန်သောကြောင့် ဖိတ်စာကို လက်မခံပဲ ငြင်းပယ်ခဲ့သည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်လှလှမိုး (မင်းလှ)၊ ဦးအောင်ကြင် (မြောင်းမြ) တို့ကလည်း အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်မယူပဲ ဘာမျှလုပ်ဆောင်မည် မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

အခြားသတင်းများအရ ၁၉၉၃ နှင့် ၂၀၀၄ ခုနှစ်အကြား နိုင်ငံရေးပုဒ်မနှင့် ထောင်ကျခံရသူများဖြစ်သည့် ဦးလှမင်း (ကော့သောင်း)နှင့် ဦးမြင့်ဆွေ (ဖျာပုံ)တို့ကဲ့သို့သောသူများကိုမူ အာဏာပိုင်များက ဖိတ်စာပေးပို့ခဲ့ခြင်းမရှိကြောင်း သိရသည်။ ❖

# ဒီပဲယင်းအရေးအခင်းအပေါ် ဒေါ်စုရဲ့ သဘောထား

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခံယူချက်ကတော့
ဒီပဲယင်းတိုက်ခိုက်မှုကို မဖြစ်မနေ
စုံစမ်းဖော်ထုတ်ရေးပါပဲ၊ စုံစမ်းဖော်ထုတ်ပေးဖို့
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးကို မေတ္တာရပ်ခံ
တောင်းဆိုထားပါတယ်၊ ဒီတောင်းဆိုချက်တွေကြောင့်
ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို၊
ဆွေးနွေးပွဲတွေ၊ ရှေ့ဆက်သွားလို့ မရအောင်
အဟန့်အတား လုပ်လိုက်တယ်လို့ ယူဆလို့ မရဘူးလို့
ပြောပါတယ်၊ ဒီပဲယင်းတိုက်ခိုက်မှု
စုံစမ်းဖော်ထုတ်တာက သပ်သပ်
တွေ့ဆုံဆွေးနွေးရေးက သပ်သပ် ၊ ခွဲခြားစားဖို့လိုမယ်လို့
ဒေါ်အောင်ဆန်းစုကြည် ယူဆထားပါတယ်၊

မစ္စတာဆာဂျီရိုပင်ညဲရိုး
မြန်မာနိုင်ငံလူ့အခွင့်အရေးစုံစမ်းရေးမှူး

# အမျိုးသားညီလာခံပွဲ့ကိုင်ကော်မတီ ဖွဲ့စည်းရန် ဗမာပြည်ကွန်မြူနစ်ပါတီမှ အဆိုပြုတင်ပြ

ဗမာပြည်၏ ဆိုးဝါးလှသော နိုင်ငံရေးအခြေအနေအောက်၌ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပြန်လည်ရရှိရေးအတွက် အဆိုပြုချက်အမျိုးမျိုး ထွက်ပေါ်နေသည့်အချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီက ဝါရင့်နိုင်ငံရေးသမားကြီးများ၏ အဆိုပြုချက်နှင့် အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင် (၇)ဦး၏ အဆိုပြုချက်များအား ထောက်ခံပြောဆိုလိုက်ပြီး နိုင်ငံရေးတည်ငြိမ်မှုရှိရေးအတွက် ၎င်းတို့၏ အဆိုပြုချက်တရပ်ကို ဧပြီလ(၁၉)ရက်နေ့ ရက်စွဲဖြင့် ထုတ်ဖော်ပြောဆိုခဲ့သည်။

၎င်းအဆိုပြုချက်တွင် အမျိုးသား ညီလာခံအား ပွဲ့ကိုင်ကော်မတီ (Steering committee)တခု ဖွဲ့စည်းပြီး ဦးဆောင်သွားရန်နှင့် ထိုကော်မတီကို အဲန်အယ်လ်ဒီနှင့် တပ်မတော်ကိုယ်စားလှယ်များ အဓိကကျောရိုးပြုကာ ဖွဲ့စည်းရမည်ဖြစ်ကြောင်း အကြံပြုပြောဆိုခဲ့သည်။

ထို့ပြင် အမျိုးသားညီလာခံသို့ စစ်မှန်သော ကိုယ်စားလှယ်များ တက်ရောက်နိုင်ရန်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အမှုထမ်းပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ညီလာခံတံခါးကို ကျယ်ကျယ်ဖွင့်သင့်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၈၉ ခုနှစ် ၎င်းတို့၏အခြေခံဒေသဖြစ်သည့် အရှေ့မြောက်ဒေသကြီး ပြိုကွဲသွားချိန်မှစ၍ ယနေ့အချိန်ထိ လျှို့ဝှက်မြေအောက်လှုပ်ရှားမှုပါတီအနေဖြင့် ရပ်တည်ကာ စစ်အာဏာရှင်စနစ်ဆုံးခန်းတိုင်ရေး၊ ဒီမိုကရေစီထွန်းကားရေးအတွက် ကျရာအခန်းမှ ရပ်တည်ကြိုးပမ်းလုပ်ဆောင်နေသည်။ နအဖ၏အမျိုးသားညီလာခံအား တိုက်ပွဲဆင်ရေးနှင့်ပတ်သက်၍လည်း အင်အားစုအသီးသီးမှ မိမိအခြေအနေ ထူးခြားချက်များအရ ပူးသတ်ရေးနှင့် ခွာသတ်ရေး နည်းဗျူဟာနှစ်မျိုးကို အကျိုးရှိစွာ ကိုင်စွဲပြီး နောက်ဆုံးတိုက်ပွဲအနေဖြင့် စည်းလုံးညီညွတ်စွာ တိုက်ပွဲဆင်သွားကြရန်ကိုလည်း ယခင်က တမျိုးသားလုံးသို့ နှိုးဆော်ထားခဲ့သေးသည်။ ❖

# တနိုင်ငံလုံးရှိရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် အဖွဲ့ချုပ်မှတောင်းဆို

**ဧပြီ၊ (၁၉)ရက်။ [ဒီဗွီဘီ]**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံး ပြန်ဖွင့်ပေးခဲ့သည်ကို ကြိုဆိုသော်လည်း တနိုင်ငံလုံးရှိရုံးများအားလုံး တပြိုင်တည်းဖွင့်ပေးရန်လည်း လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အာဏာပိုင်များအား ဧပြီလ(၁၉)ရက်နေ့က တောင်းဆိုလိုက်သည်။

မေ(၃၀)ဒီပဲယင်းအကြမ်းဖက်မှု နောက်ပိုင်း အဖွဲ့ချုပ်ရုံးများအားလုံး တပြိုင်တည်း အပိတ်ခံခဲ့ရသဖြင့် ယခု ပြန်ဖွင့်ပေးရာတွင်လည်း အဖွဲ့ချုပ်ရုံးအားလုံးကို တပြိုင်တည်းဖွင့်ပေးရန် တာဝန်ရှိသည်ဟု အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ပြောဆိုခဲ့သည်။

ယခုကျင်းပမည့်အမျိုးသားညီလာခံသည် ယခင်အခြေခံမူ(၁၀၄)ချက်ကို မပြင်ဆင်ပါက အဖွဲ့ချုပ်အနေဖြင့် တက်ရောက်မည်မဟုတ်ဟု ပြောကြားလိုက်သည်။ ၎င်းပြင် Bangkok Process ခေါ် နိုင်ငံတကာအစည်းအဝေးသည် ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် လွဲချော်နေကြောင်း ဦးလွင်က ထောက်ပြဝေဖန်သွားခဲ့သည်။ ❖

# အဖွဲ့ချုပ်အမျိုးသမီးထုလှုပ်ရှားမှုများ အရှိန်အဟုန် တိုးမြှင့်လာနေ

နအဖ၏ ဖိနှိပ်မှုများကြားမှ တနိုင်ငံလုံးရှိ အဖွဲ့ချုပ်အမျိုးသမီးထု၏ လှုပ်ရှားမှုအရှိန်အဟုန်များ တိုးမြှင့်လာနေကြောင်း သတင်းများအရ သိရှိရသည်။

အဖွဲ့ချုပ် အမျိုးသမီးတာဝန်ခံ ဒေါ်မြင့်မြင့်စိန်နှင့်အတူ နော်အုန်းလှ၊ ဒေါ်မေနှင်းကြည်၊ ဒေါ်လှဲ့လှဲ့၊ ဒေါ်ခင်သိန်းစိုးနှင့် ဒေါ်အေးအေးမာတို့ပါဝင်သော ဗဟိုအမျိုးသမီးအဖွဲ့သည် ပဲခူးမြို့နယ် အဖွဲ့ချုပ်အမျိုးသမီးထုရှိရာသို့ ကွင်းဆင်းစည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ရည်ရွယ်ချက်မှာ ဖြစ်ပေါ်လာမည့် အခြေအနေပေါ် မူတည်ပြီး လုပ်ဆောင်ရမည့်ကိစ္စများ ပေါ်ပေါက်လာလျှင် အချိန်မရွေး လက်တွဲလုပ်ဆောင်နိုင်ရန်နှင့် အမြဲထိတွေ့မှု အကြံပေးမှုများရရှိရန်ဖြစ်ကြောင်း နော်အုန်းလှက ပြောဆိုခဲ့သည်။

အခြားပြည်နယ်/တိုင်းများ ဖြစ်သော ရခိုင်၊ ရှမ်း၊ မန္တလေးနှင့် ဧရာဝတီတိုင်းများမှ အဖွဲ့ချုပ် အမျိုးသမီးများမှလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် နအဖဝန်ကြီးချုပ်ထံ စာရေးတောင်းဆိုထားကြောင်း သိရှိရသည်။

ထို့ပြင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် အဖွဲ့ချုပ်ဝင်များကလည်း ယနေ့အမျိုးသမီးထုကြီး၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးစွမ်းဆောင်ချက်များကို ကမ္ဘာကြီးက မျက်ကွယ်ပြု၍မရတော့ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးထုကြီးအနေဖြင့် မြန်မာလူ့ဘောင်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရန်နှင့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ကာ နိုင်ငံတော်ကြီး ငြိမ်းချမ်းစည်ပင်လာအောင် လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုရန် မတ်လ (၈)ရက်နေ့က ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့သည်။

ရခိုင်ပြည်နယ်တခုလုံးကိုယ်စား အဖွဲ့ချုပ်အမျိုးသမီး(၄၀)ကျော်တို့ကလည်း အလားတူ စာရေးတောင်းဆိုထားသည်။



အဖွဲ့ချုပ်အမျိုးသမီးအဖွဲ့ဝင်များ

❖

# အဖွဲ့ချုပ်၏ ဗဟိုလမ်းညွှန်မှုခံယူကာ ဆက်လက်တိုက်ပွဲဝင်ရန် ချင်းပြည်နယ်ဥက္ကဋ္ဌ ဦးဗန်လျန်ထန်းက သန္နိဋ္ဌာန်ပြုပြောကြား

**ဧပြီ၊ (၁၀)ရက်။ [ဒီဗွီဘီ]**

မြန်မာ့ဒီမိုကရေစီအရေးတွင် မိမိတို့အဖွဲ့ချုပ်ဝင်များအနေဖြင့် ဗဟို၏ ညွှန်ကြားချက်များကို ခံယူပြီး လုပ်ငန်းတာဝန်များကို ဦးလည်မသုန်ထမ်းရွက်သွားရန် ဆုံးဖြတ်ချက်ထားကြောင်း ဥက္ကဋ္ဌဦးဗန်လျန်ထန်းက ၎င်း၏ နိုင်ငံရေးရပ်တည်ချက်အား ပြောကြားခဲ့သည်။

မတ်လ(၂၀)ရက်နေ့က ချင်းပြည်နယ် ဥက္ကဋ္ဌ ဦးဗန်လျန်ထန်းသည် ဒုဥက္ကဋ္ဌ ဦးထောင်ခူးမန်နှင့် တွန်းဇံ မြို့နယ်ဥက္ကဋ္ဌတို့နှင့် ကလေးမြို့၌ တွေ့ဆုံခဲ့ကာ အဖွဲ့ချုပ်ဝင်တို့၏ အခြေအနေနှင့် ခိုင်မာသောစိတ်ဓာတ်ဖြင့် ဆက်လက်တိုက်ပွဲဝင်နိုင်ရေးအတွက် အားပေးစည်းရုံးရန် ၎င်းတို့ (၂)ဦးအား တွန်းဇံနှင့် တီးတိန်မြို့နယ်သို့ စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်အဖွဲ့ချုပ်ဝင်များသည် ပါတီရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဟားခါး၊ ဖလမ်းနှင့် တီးတိန်မြို့နယ်များရှိ အာဏာပိုင်တို့ထံ စာရေးတောင်းဆိုခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် အိမ်များ၌ ယာယီဆက်သွယ်ရေးရုံး ဖွင့်ကာ လိုအပ်သလို တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေရကြောင်း ချင်းပြည်နယ် ဥက္ကဋ္ဌ ဦးဗန်လျန်ထန်းက ဆိုသည်။ ❖

**ရုတ်မက်ကို ဆန့်ကျင်၊ သုံးပွင့်ဆိုင်ကို မြှင့်တင်**

## ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် ဝါရင့်နိုင်ငံရေးသမားကြီးများက တောင်းဆို

မြန်မာ့နှစ်သစ်ကူးကာလတွင်း ရှေးထုံးအစဉ်အလာအရ ဒေါ်စုအပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများက စာရေးတောင်းဆိုလိုက်ပြီး မြန်မာ့နိုင်ငံရေးပြဿနာများကို ပြေလည်အောင်အဖြေရှာမည်ဆိုပါက သုံးပွင့်ဆိုင်ဆွေးနွေးပွဲနည်းမှလွဲ၍ အခြားမရှိဟု ပြတ်သားစွာ ဖော်ပြခဲ့သည်။

ဝါရင့်နိုင်ငံရေးသမားကြီး တဦးဖြစ်သူ သခင်ချန်ထွန်းက "ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရုံ ပေးပြီးတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် မပါဘဲနဲ့ လုပ်ရင်လည်း ပြီးပြည့်စုံတဲ့ ညီလာခံလို့ ကျနော် မယူဆဘူး" ဟူ၍ ယင်းတို့၏ရပ်တည်ချက်ကို တင်ပြခဲ့သည်။

အခြားဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ သခင်သိန်းဖေကလည်း ပြီးခဲ့သည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ ရွေးကောက်ပွဲသစ် ထပ်မံကျင်းပရေးဖြစ်သည့် နအဖ အစီအစဉ်ကို ကန့်ကွက်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

## စစ်အစိုးရအား ဆက်လက်ဒဏ်ခတ်ပိတ်ဆို့အရေးယူရန် အမေရိကန်နိုင်ငံနှင့် အီးယူမှ ဆုံးဖြတ်ချက်ချမှတ်



**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်**

မတ်လ(၃၁)ရက်နေ့က အမေရိကန်လွှတ်တော်တွင် နအဖစစ်အစိုးရကို ဆက်လက်၍ စီးပွားရေးပိတ်ဆို့ အရေးယူရန် အထက်လွှတ်တော်အမတ် မစ်ချ်မက္ကောနယ်လ်၏ တင်ပြတောင်းဆိုချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကလည်း ထောက်ခံခဲ့ပြီး ဧပြီလလကုန်ပိုင်း၌ အမေရိကန်လွှတ်တော်ကလည်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ပါဝဲလ်က ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကို တက်ရောက်ရန် နအဖက အတိုက်အခံအဖွဲ့အစည်းများအား ဖိတ်ကြားသည်ဟုဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားအကျဉ်းချခံနေရသည့် နိုင်ငံရေးခေါင်းဆောင်များကို ပြန်လွှတ်ပေးခြင်း မရှိသေးသည့်အတွက်ကြောင့် အမေရိကန်အစိုးရ၏ ရပ်တည်ချက်သဘောထားကို ပြောင်းလဲစရာ အကြောင်းမရှိကြောင်း ပြောဆိုခဲ့သည်။

နအဖကို ဆက်လက်အရေးယူရန် လက်ရှိ ရီပတ်ဘလီကန်ပါတီ အမတ်များနှင့် အတိုက်အခံဒီမိုကရက်ပါတီ အမတ်တို့ကလည်း သဘောတူထောက်ခံကြသောကြောင့် ယမန်နှစ်က ချမှတ်ထားသည့် မြန်မာပြည်လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေး ဥပဒေ (၂၀၀၃)ကို သက်တမ်းတိုးရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းဖြစ်သည်။

အလားတူ အီးယူကလည်း စီးပွားရေးပိတ်ဆို့အရေးယူမှုအား ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် ဧပြီလ(၂၇)ရက်နေ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ တောင်းဆို

မေလ (၁၇)ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသည့် နအဖအမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငွေရက သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများမှ တဆင့် ရရှိသော သဘောတူညီချက်ဖြင့် အမျိုးသားညီလာခံကို စတင်ရေး၊ နိုင်ငံရေးပါတီအားလုံး လွတ်လပ်စွာ စည်းရုံးခွင့်ပေးရေး၊ ချိတ်ပိတ်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ဖွင့်ပေးရေးတို့ကို တောင်းဆိုလိုက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် (၉၀)ခုနှစ် ရွေးကောက်ပွဲအနိုင်ရအဖွဲ့များ မပါဝင်သော ညီလာခံသည် ပြည့်စုံသောညီလာခံ မဖြစ်နိုင်ဟု မှတ်ချက်ချပြောဆိုခဲ့သည်။

❖

# အမျိုးသားညီလာခံလွှန်ဧယဉ် . . .

**ဗညြ**

အမျိုးသားညီလာခံဆိုတာ နီးသထက်နီးလာပြီ။ တကမ္ဘာလုံးက မျက်စိဖွင့်နားစွင့် သတိထားနေကြတယ်။ နအဖစစ်အစိုးရကတော့ သူ့ထုံးစံအတိုင်း ကောလဟာလ နည်းပရိယာယ်ကိုပဲ တွင်တွင်အသုံးပြုနေတာ တွေ့ရတယ်။ အဲဒါတွေနောက် လိုက်ပါနေသူတွေ ရှိသလောက် ရှိနေတုန်းပဲ။ ဒါပေမဲ့ ဒါဟာ နိုင်ငံခြားသားတွေ ပိုများတယ်။

နအဖဟာ သူတို့ဖက်က ပြန်ထိုးစစ်ဆင်လို့ရပြီ ထင်နေဟန် တူတယ်။ ဒါကြောင့် ဒီပဲယင်း လူသတ်ပွဲဆင်နွှဲတာကအစ ညီလာခံကိုကျင်းပမယ် ကြေညာတာအထိ ဆက်တိုက်လုပ်လာတယ်။ ရှာလွန်ရှက်တိုက် ဆက်မိုက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ အကောင်းဆုံးခံစစ်ဟာ ထိုးစစ်ပဲလို့ တွေးတာလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ပစေ၊ သူတို့ဖက်ကတော့ ထိုးစစ်တခု ဆင်လာပြီ။

သူတို့ဖက်မှာ ပြင်ဆင်နေတာတွေကို စိတ်ချမှာ။ ဗိုလ်သန်းရွှေရဲ့အနေအထားက တလျှောက်လုံး ဒီလိုပေးကမ်းသွားရမယ့်ပုံပဲ။ ပေးစရာ ကမ်းစရာ မရှိတော့ရင်၊ ဒါမှမဟုတ် အဲဒီလူတွေ အဝေမတည့်ကြရင် ဘယ်လိုဖြစ်မလဲ။ တွေးလိုက်ရင် တကယ့်ကို ရတက်မအေးစရာပဲ။

ဒီနေရာမှာ ဗိုလ်သန်းရွှေကို ဗိုလ်နေဝင်းနဲ့ နှိုင်းကြည့်ချင်ပါတယ်။ ဗိုလ်သန်းရွှေဟာ ဘယ်ဖက်မှာပဲပြောပြော ဗိုလ်နေဝင်းရဲ့ခြေဖျားကို မမှီပါဘူး။ နိုင်ငံရေးအစဉ်အလာ၊ တပ်တွင်းသြဇာ၊ လက်အောက်တွေအပေါ် မီးသေမှု၊ နိုင်ငံတကာအသိအမှတ်ပြုမှု၊ နိုင်ငံရေးပါးနပ်မှု၊ ကောင်းတာမကောင်းတာအပထား၊ ဗိုလ်နေဝင်းဟာ အဲဒီအဓိကကျတဲ့အချက်တွေမှာ ဗိုလ်သန်းရွှေထက် အများကြီးသာတယ်။

နောကျေအောင် သိကြတယ်။ ဒီလိုအခါမှာ သူတို့ချင်း ဘယ်သူ့ဘယ်သူမှ အထင်ကြီးတာ မဟုတ်ဘူး။ သူတို့တတွေ တပြည်လုံးက လူထုကြီးကို ရင်ဆိုင်နေရတာဖြစ်လို့သာ ကျောချင်းကပ်နေကြတာ။

ဗိုလ်နေဝင်းက ရှစ်လေးလုံးဂယက်ကို ကြည့်ပြီး သွေးပျက်စိတ်ခေတ်ကျသွားလို့ ဗိုလ်စိန်လွင်ကို အာဏာလွှဲခဲ့တယ်။ အဲဒီအခါမှာ ဗိုလ်စိန်လွင်ကို ကျန်တပ်မှူးတွေက အသိအမှတ်ပြုတာမှ မဟုတ်ပဲ။ ဗိုလ်ထွန်းတင်က စပြီး ကောတယ် မဟုတ်လား။ နောက် သူမကြာခင် ကားလိပ်ကြားဝင်သွားရတာပဲ။

ဗိုလ်နေဝင်းလက်ထက်တုန်းက ထူးခြားတာတခုက အဲဒီကာလဟာ စစ်အေးခေတ်မို့ ဗမာပြည်ကို အနောက်ကဂရုမစိုက်ဘူး။ သူတို့ရဲ့ ရန်ဖက်ရင်ခွင်ထဲကို တွန်းပို့လိုက်သလိုဖြစ်မှာစိုးလို့ ဗိုလ်နေဝင်း ဘာတွေလုပ်နေနေ၊ သူတို့ကို မဆန့်ကျင်ရင် မျက်နှာလွှဲပြီး မသိချင်အောင်နေတယ်။ ဗိုလ်နေဝင်းကလဲ တရုတ်

> “နအဖဟာ သူတို့ဖက်က ပြန်ထိုးစစ်ဆင်လို့ရပြီ ထင်နေဟန် တူတယ်။ ဒါကြောင့် ဒီပဲယင်းလူသတ်ပွဲဆင်နွှဲတာကအစ ညီလာခံကို ကျင်းပမယ် ကြေညာတာအထိ ဆက်တိုက်လုပ်လာတယ်။ ရှာလွန်ရှက်တိုက် ဆက်မိုက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ အကောင်းဆုံးခံစစ်ဟာ ထိုးစစ်ပဲလို့ တွေးတာလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ပစေ၊ သူတို့ဖက်ကတော့ ထိုးစစ်တခု ဆင်လာပြီ။”

အတိုင်းသားမြင်နေရတယ်။ သူတို့ကြံ့ဖွတ်တွေကို ပြန်စုစည်းပြီး ညွှန်ကြားချက်တွေ ပေးနေတယ်။ ဗိုလ်သန်းရွှေဟာ ဗိုလ်ရွှေမန်း၊ ဗိုလ်စိုးဝင်းစတဲ့ သူ့ဂိုဏ်းသားတွေခြံရံပြီး စစ်တိုင်းတကာကို တိုင်းခန်းလှည့်နေတာဟာ သာမန်အလည်ခရီး ထွက်နေတာ မဟုတ်ဘူး။ အရေးဟဲ့ အကြောင်ဟဲ့ဆိုရင် နောက်ကြောင်းလုံအောင်၊ သူ့ဖက်ကပါအောင် သစ္စာရေလိုက်တိုက်နေတာဖြစ်တယ်။ ဗိုလ်သန်းရွှေဟာ စစ်အုပ်စု စတုတ္ထမျိုးဆက်ကို ပိုင်အောင် ကိုင်ချင်ပုံရတယ်။ အဲဒီလို ကိုင်နိုင်ဖို့ဆိုရင် အဲဒီဗိုလ်ချုပ်တွေ ကျေနပ်အောင် သူလုပ်ပေးဖို့ လိုတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ အဲဒီမျိုးဆက်ကို ဒီမိုကရေစီနဲ့ ချွေးသိပ်လို့ မရဘူး။ ဒီချုပ်ကို အာဏာလွှဲပေးမှာပါဆိုတာမျိုးနဲ့ အဲဒီလူတွေကို နားချလို့ မရဘူး။ နောင်ဖွဲ့စည်းမယ့်အစိုးရထဲမှာ မင်းတို့လည်း ပါရမှာပါဆိုတာလောက်နဲ့ တောင် မရလောက်ဘူး။ မင်းတို့လက်ထက်အထိ စစ်အာဏာရှင်စနစ် တည်မြဲနေမှာပါဆိုတာမျိုးပြောမှ ဟိုလူတွေက ကျေနပ်မှာ၊

ဗိုလ်နေဝင်းဟာ အခမ်းအနားတွေမှာ သူထိုင်လေ့ရှိတဲ့ ကုလားထိုင်ကြီးလိုပဲ သူ့လူတွေထက် သူက ခေါင်းတလုံးပိုသာတာ အမှန်ပဲ။ သူဟာ သူ့ကိုပုခုံးယှဉ်နိုင်လောက်မယ့်လူတွေကို အစောကြီးကတည်းက တပ်ထဲကရော၊ အာဏာအဝန်းအဝိုင်းထဲကပါ ပထုတ်လိုက်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်သန်းရွှေကျတော့ ဒီလိုမဟုတ်ဘူး။ သူ့ဘေးကလူတွေရဲ့ မျက်စိထဲမှာ သူဟာ သူလိုကိုယ်လိုလူပဲ။ ဗိုလ်နေဝင်း အင်မတန် ကိုယ်ကျင့်တရားပျက်တာကို သိကြပေမယ့် သူ့ဘေးကလူတွေဟာ သူ့ကို လှောင်လို့ မရဘူး။ ဗိုလ်သန်းရွှေတို့ခေတ်ကျတော့ တပ်ထဲမှာ လူကောင်းရယ်လို့ မရှိတော့သလောက်ပဲ။ အထူးသဖြင့် ထိပ်ပိုင်းမှာ။ အကျင့်ပျက်မှု၊ လာဘ်စားမှုကင်းတာရယ်လို့ ပြစရာ ဘယ်သူမှ မရှိဘူး။ အဲဒီအထဲမှာ အခုထိပ်သီးဆိုတဲ့ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်၊ ဗိုလ်ရွှေမန်း၊ ဗိုလ်စိုးဝင်း ဘယ်သူမှ မစင်ကြယ်ဘူး။ သူ့ကြည့်လဲ ပွေးနဲ့၊ ငါ့ကြည့်လဲ ဝဲနဲ့ဆိုတာမျိုးတွေပေါ့။ ဒါကို တပ်အောက်ခြေရော၊ အထက်ပိုင်းရောက

ဆန့်ကျင်ရေးသာ လုပ်ခဲ့တယ်၊ အနောက်မကျေနပ်အောင် ဘာမှမလုပ်ဘူး။ သူ့ရဲ့ဆိုရှယ်လစ်ဆိုတာ ဘာကြီးလဲဆိုတာ အနောက်ကလူတွေက သိနေတာပါ။ အခုခေတ်ကျတော့ အနောက်ဟာ ဗမာပြည်ကို လက်လွှတ်မထားချင်တော့ဘူး။ အနောက်က အာရုံစိုက်တယ်ဆိုတာနဲ့ အရှေ့ကလဲ အာရုံစိုက်ရတော့တယ်။ ဒါဟာ ဗိုလ်သန်းရွှေတို့အဖို့က စားသာသွားတာ မဟုတ်ဘူး။ ဆူးကြားသီးတဲ့ဗူးလို ဖြစ်ရတာသာဖြစ်တယ်။

တလောကပဲ တရုတ်ကလည်း နအဖကို ဖိအားပေးတယ်လို့ ဘီဘီစီက ကြားလိုက်ရတယ်။ ဗမာပြည်ရဲ့သမိုင်းမှာ ဒါလောက် ဖိအားအပေးခံရတာ တခါမှ မရှိပါဘူး။

ဒီလိုအနေအထားမှာ ဗိုလ်သန်းရွှေနဲ့ နအဖဟာ အလျှော့ပေးလာရင်တော့ တော်ပါရဲ့။ ရှက်ရမ်းရမ်း၊ ကြောက်ရမ်းရမ်းလာရင် ဘယ်လိုလုပ်ကြမလဲ။ ဒီအတွက် စဉ်းစားထားဖို့လဲ လိုပါတယ်။ ပြင်သင့်တာ ပြင်ထားဖို့လဲ လိုပါတယ်။

❖

## ကရင်ပြည်နယ်အဖွဲ့ချုပ်ဝင်များ၏လှုပ်ရှားမှုများ စောင့်ကြည့်ခံနေရ

**ဧပြီ၊ (၂၄)ရက်။ [ဒီဗွီဘီ]**

မေလ(၁၇)ရက်နေ့တွင် ကျင်းပမည့် နအဖအမျိုးသားညီလာခံ မတိုင်မီ ကရင်ပြည်နယ်အတွင်းရှိ အဖွဲ့ချုပ်ဝင်များ၏ လှုပ်ရှားမှုကို ထောက်လှမ်းရေးတို့မှ အနီးကပ်စောင့်ကြည့်ကာ နှောင့်ယှက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ယခုလ(၂၁)ရက် ဗုဒ္ဓဟူးနေ့ ည(၉)နာရီခန့်က မြဝတီမြို့နယ် အဲန်အယ်လ်ဒီ ဥက္ကဋ္ဌ ဦးစိန်ဘို၏နေအိမ်သို့ မြို့နယ် 'စ'သုံးလုံးဦးစီးမှူး ဦးစိုးဝင်းရောက်ရှိလာပြီး အဖွဲ့ချုပ်ဝင်တို့၏စာရင်းများနှင့် လှုပ်ရှားမှုများကို အသေးစိတ် စုံစမ်းမေးမြန်းသွားခဲ့သည်ဟု ဆိုသည်။

မြဝတီမှ အဲန်အယ်လ်ဒီအဖွဲ့ဝင်များသည် လောလောဆယ် မည်သည့်လှုပ်ရှားမှုများမှ လုပ်ဆောင်နိုင်ခြင်းမရှိသေးဘဲ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာမည့်အချိန်နှင့် ဗဟို၏ညွှန်ကြားချက်အရ ရုံးများ ပြန်ဖွင့်နိုင်မည့် အချိန်ကိုသာ စောင့်ဆိုင်းနေရဆဲဖြစ်သည်ဟု ဦးစိန်ဘိုက ဆက်လက်ပြောပြသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် ကုလအတွင်းရေးမှူးချုပ်နှင့် ကုလလူ့အခွင့်အရေးညီလာခံမှ တောင်းဆို

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဧပြီလ(၁)ရက်နေ့က တောင်းဆိုလိုက်သည်။ စစ်မှန်သည့်အမျိုးသားညီလာခံဖြစ်ပေါ်လာရန် နိုင်ငံရေးပါတီများအားလုံး၊ တိုင်းရင်းသားများအားလုံး လွတ်လွတ်လပ်လပ် ပါဝင်တက်ရောက်နိုင်ခွင့် ရှိရမည်ဖြစ်ကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

ထို့ပြင် ဧပြီ(၂၁)ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံမှ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် ဆုံးဖြတ်ချက်တရပ် ချမှတ်၍ တောင်းဆိုခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ချမှတ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ထက် ပိုမိုပြင်းထန်ပြီး နအဖ၏ အချက်(၇)ချက်ပါ လမ်းပြမြေပုံနှင့် အမျိုးသားညီလာခံကို ဝေဖန်ထောက်ပြထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အဓမ္မအလုပ်ခိုင်းစေမှုနှင့် တိုင်းရင်းသားဒေသများ၌ စနစ်တကျ ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်က ရပ်ရန်ကိုလည်း မြန်မာစစ်အစိုးရကို တောင်းဆိုထားသည်။



ကိုဖီအာနန်

နအဖ၏ လမ်းညွှန်မြေပုံသည် ဂုဏ်သိက္ခာရှိသည့် လမ်းပြမြေပုံတရပ်ဖြစ်လာရန် နိုင်ငံရေးပါတီများအားလုံးနှင့် တိုင်းရင်းသားများအားလုံးပါဝင်ခွင့်ပြုရန် လိုအပ်ပြီး အမှန်တကယ်ဂုဏ်သိက္ခာရှိသည့် အသွင်ကူးပြောင်းမှုတရပ်ဖြစ်ရန် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားဖမ်းဆီးခံထားရသည့် နိုင်ငံရေးခေါင်းဆောင်များအားလည်း ပြန်လွှတ်ပေးရန် လိုအပ်ကြောင်း သုံးသပ်ထားသည်။ ❖

# အီးယူ–အာဆီယံအစည်းအဝေး နအဖ တက်ခွင့်ရရန် မသေချာ

ဧပြီလ(၁၇)ရက်နှင့် (၁၈)ရက်နေ့များက အိုင်ယာလန်နိုင်ငံ၌ ကျင်းပခဲ့သည့် အီးယူ–အာဆီယံ ပမာဏအစည်းအဝေးတွင် နအဖကို အောက်တိုဘာလတွင် ကျင်းပမည့် ဟန်ွိုင်းအစည်းအဝေးတက်ခွင့်ပေးရေး၊ မပေးရေး ဆုံးဖြတ်ချက်ကို ယတိပြတ်မချနိုင်ခဲ့ဟု သိရှိရသည်။



အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပနေစဉ်

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးပြီး လူ့အခွင့်အရေးအခြေအနေ တိုးတက်အောင် ဆောင်ရွက်ပေးမှသာ အစည်းအဝေး တက်ခွင့်ပေးမည်ဟု အီးယူနိုင်ငံခြားရေးဝန်ကြီးများက သဘောတူ တောင်းဆိုခဲ့ကြသော်လည်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီရက်က ဤတောင်းဆိုချက်များကို ပယ်ချကာ အာဆီယံအဖွဲ့ဝင်သစ် (၃)နိုင်ငံလုံးကို အစည်းအဝေးတက်ခွင့်ပေးသင့်သည်ဟု ပြောဆိုခဲ့သည်။

မြန်မာကိစ္စနှင့် ပတ်သက်၍ အီးယူနှင့် အာဆီယံအကြား ဆက်ဆံရေး အတော်အတန် တင်းမာခဲ့သည်။ ထို့ပြင် လက်ရှိအီးယူဉက္ကဋ္ဌဖြစ်သည့် အိုင်ယာလန်နိုင်ငံနှင့် အခြားအဖွဲ့ဝင် (၃၉)နိုင်ငံက နအဖကို ပိုမိုဖိအားပေး အရေးယူရေးဥပဒေတရပ်ကို ပြီးခဲ့သည့်ဧပြီလ(၂၇)ရက်နေ့က ချမှတ်ခဲ့သည်။ ယင်းဥပဒေကို ဧပြီလ(၁၈)ရက်နေ့က ချမှတ်ရန် ဖြစ်သော်လည်း ကုလသမဂ္ဂဆိုင်ရာ နအဖ ကိုယ်စားလှယ်က မေတ္တာရပ်ခံသောကြောင့် ဧပြီ(၂၁)ရက်နေ့အထိ ရွှေ့ဆိုင်းပေးခဲ့ရသေးသည်။❖

# ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦးတို့အား ခြွင်းချက်မရှိပြန်လွှတ်ပေးရန် ချက်သမတဟောင်းနှင့် နိုဘယ်လ်ဆုရှင်(၁၄)ဦးတို့စာရေးတောင်းဆို



ဗားကလက် ဟာဗယ်

ဧပြီ(၁၄)ရက်။ [ဒီဗွီဘီ၊ ဗွီအိုအေ]

နေအိမ်အကျယ်ချုပ် ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးခံထားရသည့် သတင်းစာဆရာကြီး ဦးဝင်းတင်၊ ဦးအောင်မြင့် (ခေါ်) ကဗျာဆရာ ဖျာပုံနီလုံဦးတို့အား ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ချက်သမတဟောင်း ဗားကလက်ဟာဗေနှင့်အတူ နိုင်ငံတကာကလောင်ရှင်များအဖွဲ့ ဥက္ကဋ္ဌ ဂျီဒီဘရူရှား၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ကလော်ဒီ ဆိုင်မွန်၊ တိုနီမော်ဒီဆန်တို့အပါအဝင် နိုဘယ်လ်ဆုရှင် (၁၄)ဦးတို့က မတ်လ(၁၃)ရက်နေ့က နအဖသံရုံးများမှတဆင့် နအဖဉက္ကဋ္ဌထံ လက်မှတ်ရေးထိုးစာရေးတောင်းဆိုခဲ့သည်။

၎င်းတို့၏တောင်းဆိုစာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်သည့် ဆန္ဒသဘောထားများကို ငြင်းပယ်ပြီး ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းသောနည်းဖြင့် ကြိုးပမ်းသူများအား ဖိနှိပ်ချုပ်ခြယ်နေသည့်အတွက် မိမိတို့များစွာ စိတ်ပျက်မိကြောင်း၊ ယခုလို စာနယ်ဇင်းသမားများအား ဖမ်းဆီးထောင်ချခြင်းသည် မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အကြီးအကျယ်ဟန့်တားမှု ဖြစ်စေကြောင်း ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံရေးလှုပ်ရှားသူများ၊ စာနယ်ဇင်းသမားများအပါအဝင် ပြည်သူလူထုတဦးအနေဖြင့် တိုင်းပြည်၏ အနာဂတ်အရေးကို လွတ်လပ်စွာ ပြောဆိုသုံးသပ်ခွင့် မရလျှင် ထိုနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်နေပါသည်ဟု ပြောဆိုမှု မှန်သမျှမှာ ယုံကြည်နိုင်ဖွယ်ရှိမည် မဟုတ်ဟု ဖော်ပြထားသည်။ အဆိုပါစာကို ဘန်ကောက်၊ ဘာလင်၊ လန်ဒန်၊ နယူးဒေလီ၊ တိုကျို၊ ဝါရှင်တန်ဒီစီနှင့် နိုင်ငံတကာမြို့ကြီးများရှိ မြန်မာသံရုံးများမှတဆင့် ပို့ပေးခဲ့ခြင်းဖြစ်သည်။❖

# နအဖ အမျိုးသားညီလာခံအပေါ် စာရေးဆရာကြီးများ၏ အမြင်သဘောထား

နိုင်ငံရေးနဲ့ ပတ်သက်တာကတော့ စကားလုံးတွေ လာပြီဗျာ။ အမျိုးသားညီလာခံတဲ့။ နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေတဲ့။ ပြည်သူ့ဆန္ဒ ခံယူပွဲတဲ့။ အဲဒီစကားလုံးတွေဟာ နိုင်ငံရေးသိပ္ပံနဲ့ ကြည့်ရင် ကောင်းတဲ့စကားလုံးတွေပေ့ါ။ ပီပီသသလုပ်ဖို့ပဲ လိုတာလေ။ နိုင်ငံရေးသိပ္ပံက ဖော်ပြထားတဲ့အတိုင်း ပီပီသသလုပ်နိုင်မယ်ဆိုရင်တော့ အများလက်ခံကြမှာပေ့ါ။ ‘နိုင်ငံတော်’ဆိုတာက မြေကြီးနဲ့ လူနဲ့ ပေါင်းထားမှ နိုင်ငံတော်ဖြစ်တာကိုး။ ‘အစိုးရ’ဆိုတာကလည်း ပြည်သူတွေရဲ့ ဆန္ဒကိုကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော်ရှိမှ လွှတ်တော်က ရွေးချယ်တင်မြှောက်မှ အစိုးရ ပေါ်ထွန်းလာတာကိုး။ ဒါ နိုင်ငံရေးသိပ္ပံပညာရဲ့ စကားရပ်ပေ့ါ။ လောလောဆယ် အငြင်းပွားနေကြတာ ဒါသဘာဝပါပဲ။ အငြင်းပွားတာကလည်း ကောင်းတယ်ဗျ။ ခုရှုပ်မှ နောင်ရှင်းဆိုတဲ့ မြန်မာစကားပုံလိုပေ့ါ။ အငြင်းပွားပြီးမှ ထွက်လာတဲ့ နိုင်ငံရေးဖြစ်စဉ်တခုကမှ အများပြည်သူ လက်ခံနိုင်တဲ့ အမြင်ဖြစ်မှာပေ့ါ။

**စာရေးဆရာကြီး ဒဂုန်တာရာ**

ပြောရရင်တော့ဗျာ၊ Roadmap ဆိုတာ သူတို့ စကြေညာကတည်းက အမျိုးသားညီလာခံဆိုတာ မှန်မှန်ကန်ကန် ရိုးရိုးသားသား စိတ်ကောင်းစေတနာကောင်းနဲ့ တိုင်းပြည်အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီရေးအတွက် ရှေ့ရှုလုပ်တာလို့ ကျွန်တော်မမြင်ဘူးလေ၊ အမှန်တိုင်း ပြောရရင်။ ဒါ ....တစ်။

နှစ်ကတော့ အခုတကယ်လက်တွေ့ လုပ်တဲ့အခါကျတော့လည်း ညီလာခံဖိတ်စာပို့တာတွေကလည်း တညီတညာတည်းမဟုတ်ဘူး၊ ပို့ချင်တဲ့လူ ပို့တယ်၊ မပို့ချင်တဲ့လူ မပို့ဘူး။ အဲန်အယ်လ်ဒီဟာ တိုင်းပြည်က အခွင့်အာဏာပေးထားတာ၊ mandate ပေးထားတာ။ အဲဒီအဖွဲ့အစည်း အဲဒီအဖွဲ့ချုပ်နဲ့ မညှိနှိုင်းဘဲ သူတို့ဟာသူတို့ အရင်လုပ်တာကို ဆက်လုပ်မှာ၊ အခုပြန်လုပ်တော့လည်း ဒီအတိုင်းပဲပြန်လုပ်တာ။ ဒါအပြင် ဒီပဲယင်းကိစ္စပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးအောင်ရွှေတို့၊ ဦးတင်ဦးတို့၊ ဦးလွင်တို့ ဖမ်းထားတာ ခုထိမလွှတ်သေးဘူး။ လူတယောက်ကို ခြေတွေ လက်တွေ တုတ်ပြီးတော့၊ ပါးစပ်တွေ ပိတ်ပြီးတော့မှ အမျိုးသားညီလာခံတက်ပါလို့ ခေါ်တာနဲ့ တူနေတယ်။ အဲဒီတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်မှာ မဟုတ်ဘူး။ တိုင်းပြည်အေးချမ်းသာယာပြီးတော့ ဖွံ့ဖြိုးသာယာတာ ဖြစ်ဖို့က ကျနော်တော့ ဘယ်လိုမှ မမျှော်လင့်ဘူး။

**ဗိုလ်တထောင်သတင်းစာ**
**အယ်ဒီတာဟောင်း ဦးထိန်လင်း**

# လူ့အခွင့်အရေးများမရှိက အမျိုးသားပြန်လည်သင့်မြတ်ရေး မဖြစ်နိုင် ပင်ညဲရိုးက ရှင်းလင်းပြောကြား

ကမ္ဘာတဝှမ်းတွင် ဖြစ်ပျက်ခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်များနှင့် နှိုင်းယှဉ်၍ နိုင်ငံသားများ၏ နိုင်ငံရေးအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးနစ်နာနေသောကာလတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှာ အောင်မြင်နိုင်စရာ မရှိကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးသူ မစ္စတာ ပင်ညဲရိုးက စစ်အစိုးရအား ပြောကြားခဲ့သည်ဟု သိရသည်။



မစ္စတာ ပေါ်လိုဆာဂျီရို ပင်ညဲရိုး

ပင်ညဲရိုး၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ အခြေခံလူ့အခွင့်အရေးများ ဘာမျှ မရှိကြောင်း ၎င်းက ထည့်သွင်းဖော်ပြခဲ့သည်။ ဘန်ကောက်တွင် ကျင်းပမည့် မြန်မာ့အရေး ဆွေးနွေးပွဲသို့ တက်ရောက်မည့် နိုင်ငံများမှ ခေါင်းဆောင်များအား အခြေခံလူ့အခွင့်အရေးများနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များ ချက်ချင်းအကောင်အထည်ဖော်ပေးရန် မြန်မာအစိုးရအား နားချရန် တောင်းဆိုခဲ့သည်။ ထို့အပြင် အမျိုးသားညီလာခံ မစတင်ခင် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွှတ်ပေးရန်လည်း တောင်းဆိုခဲ့သည်။

မစ္စတာ ပေါ်လိုဆာဂျီရို ပင်ညဲရိုးအား နအဖက အခြားနိုင်ငံခြားဧည့်သည်တော်များ၏ ခရီးစဉ်များရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေးဘဲ ပိတ်ပင်ထားဆဲဖြစ်သည်။ သို့သော် လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးသူက လာမည့် မေ သို့မဟုတ် ဇွန်လအတွင်း သွားရောက်ရန် နအဖအား အဆိုပြုထားသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# စစ်ကိုင်းတိုင်းအဖွဲ့ချုပ်အဖွဲ့ဝင်များ လုပ်ငန်းအရှိန်တိုးမြှင့်ရန် ပြင်ဆင်နေ

**ဧပြီ၊(၁၀)ရက်။ [ဒီဗွီဘီ]**

စစ်ကိုင်းတိုင်းအတွင်းရှိ အဖွဲ့ချုပ် တိုင်းစည်းအဖွဲ့ဝင်များသည် ပြီးခဲ့သည့် ဧပြီလ(၇) ရက်နေ့က မြို့နယ်အတွင်းရေးမှူး ဦးချစ်ရီ နေအိမ်အား ယာယီဆက်သွယ်ရေးဌာန အဖြစ် သတ်မှတ်ပြီး ခရိုင်အဆင့် အဖွဲ့ချုပ် ခေါင်းဆောင်များ လစဉ်ပုံမှန် တွေ့ဆုံရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မေ(၃၀) ဒီပဲယင်းအကြမ်းဖက်မှုနောက်ပိုင်း ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်နေခဲ့ရာမှ ယခု ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ခရိုင်အလိုက် လုပ်ငန်းတာဝန်အသီးသီး ခွဲယူခဲ့ကြောင်း စစ်ကိုင်းတိုင်း စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ခင်သန်းက ပြောဆိုခဲ့သည်။ မုံရွာခရိုင်တွင် ဒေါ်ခင်သန်းမှ တာဝန်ယူပြီး ရွှေဘိုခရိုင်တွင် ဦးသန်းညွန့်က တာဝန်ယူကာ ဗဟိုနှင့် တိုင်းအတွင်း အဖွဲ့ချုပ်လုပ်ငန်းများ သွက်သွက်လက်လက် လုပ်ဆောင်နိုင်ရန် စီစဉ်နေကြောင်း သိရှိရသည်။

၎င်းအပြင် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးအတွက် စစ်ကိုင်းတိုင်းအဖွဲ့ချုပ် အမျိုးသမီးများ စုပေါင်းကာ အာဏာပိုင်များထံ စာရေးတောင်းဆိုရန်ရှိသည်ဟု ဒေါ်ခင်သန်းက ပြောဆိုခဲ့သည်။ ❖

# ဒီမိုကရေစီပန်းတိုင်ရောက်ရှိရေး အခက်အခဲမှန်သမျှ ရင်ဆိုင်သွားမည်ဟု ရေနံချောင်းအဖွဲ့ချုပ်ဝင်များသန္နိဋ္ဌာန်ပြု

**ဧပြီ၊(၈)ရက်။ [ဒီဗွီဘီ]**

ယခုအချိန်သည် တိုင်းပြည်တွင် အရေးကြီးသည့်အချိန် ဖြစ်သည့်အတွက် အဖွဲ့ချုပ်ဝင်များအားလုံး နိုးနိုးကြားကြားရှိရန် မကွေးတိုင်း ရေနံချောင်းမြို့နယ်အဖွဲ့ချုပ် အရေးပေါ်အစည်းအဝေးမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။

ယခုကာလသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော အချိုးအကွေ့သို့ ရောက်ရှိနေသည့်အတွက် နိုးကြားထကြွမှု ရှိရမည်ဖြစ်ကြောင်း၊ လိုချင်သည့် ပန်းတိုင်ရောက်ရန် အခက်အခဲ အကျပ်အတည်းမှန်သမျှကို ရင်ဆိုင်ဖြေရှင်းပြီး ဒုက္ခခံ၊ သည်းခံစိတ်ဖြင့် ရှေ့ဆက်သွားရန် ဆုံးဖြတ်ချက်ချထားကြောင်း ရေနံချောင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှမြင့်က အခိုင်အမာ ပြောဆိုခဲ့သည်။

ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ပြီးခဲ့သည့် မတ်လ(၁၃)ရက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့မှစပြီး ပင်နီများဝတ်ဆင်ကာ စည်းရုံးလှုံ့ဆော်မှုများ အဆက်မပြတ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

❖

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာကျော် ယူတူးအဆိုတော် ဘိုနိုက ဆောင်းပါးဖြင့်ဂုဏ်ပြု



ကမ္ဘာကျော် ယူတူးအဆိုတော်ဘိုနို

**ဧပြီ၊(၂၁)ရက်။**

ကမ္ဘာကျော် ယူတူးအဆိုတော် ဘိုနိုက (၂၆-၄-၂၀၀၄)ထုတ် Time မဂ္ဂဇင်းတွင် Heros and Icons ဆိုသည့် ခေါင်းစဉ်ဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုဆောင်းပါးတပုဒ်ဖြင့် ရေးသားဂုဏ်ပြုလိုက်သည်။

မဂ္ဂဇင်းမျက်နှာဖုံးတွင် ဒေါ်စုနှင့် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များ၊ အခြား ကမ္ဘာ့ခေါင်းဆောင်ကြီးများပုံနှင့် ယှဉ်တွဲဖော်ပြထားပြီး ဆောင်းပါးတွင် စစ်အုပ်စု၏ ယုတ်မာရက်စက်သောလုပ်ရပ်များသည် သွေးစွန်းသောစိတ်ဓာတ်နှင့် အကြောက်တရားတို့မှ ပေါက်ဖွားလာပြီး ဒေါ်အောင်ဆန်းစုကြည်၏ မှန်မြတ်သော စွန့်လွှတ်အနစ်နာခံမှုတို့မှာ ခိုင်မာသောစိတ်သတ္တိက လာသည်ဟု ရေးသားထားသည်။

ဆက်လက်ပြီး ၎င်းက ဒေါ်အောင်ဆန်းစုကြည်သည် စစ်မှန်သော သူရဲကောင်းတဦးဖြစ်ကြောင်း၊ ထုတ်ဖော်ပြောခွင့်မရဘဲ တိတ်ဆိတ်နေသော သူမ၏ အသံတို့သည် ကမ္ဘာကြီးအား ဆူပွက်စေကာ မြန်မာ့ဒီမိုကရေစီရေးအတွက် အကူအညီပေးကြရန် တိုက်တွန်းနေကြောင်းစသည်ဖြင့် ချီးကျူးဂုဏ်ပြု ရေးသားထားကြောင်း သိရှိရသည်။ ❖

**အမျိုးသားသွေးစည်းညီညွတ်ရေးအင်အားဖြင့် စစ်အာဏာရှင်စနစ်အား အမြစ်ဖြတ်ချေမှုန်းကြ**

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် ကမ္ဘာ့နိုင်ငံကြီးများက တောင်းဆို

နအဖစစ်အစိုးရအနေဖြင့် မေလ(၁၇) ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံမတိုင်မီ ဖမ်းဆီးထိန်းသိမ်းထားသည့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားခေါင်းဆောင်များကို ကြိုတင်လွှတ်ပေးရန် အမေရိကန်အစိုးရက မတ်လ(၃၁)ရက်နေ့၌ တောင်းဆိုလိုက်သည်။



ရစ်ချဒ်ဘောင်ချာ

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူးဦးလွင်တို့ ဧပြီလ(၁၃)ရက်နေ့က ပြန်လည်လွတ်မြောက်လာမှုကို ကြိုဆိုသော်လည်း မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အောင်မြင်စွာ ရေးဆွဲနိုင်ရေးအတွက် နိုင်ငံရေးပါတီများအားလုံးနှင့် တိုင်းရင်းသားများအားလုံး လွတ်လပ်စွာ ပါဝင်ရေးဆွဲခွင့်ရှိရမည်ဟု နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ် ရစ်ချဒ်ဘောက်ချာက ပြောဆိုလိုက်သည်။ အခြား မတရားဖမ်းဆီးခံထားရသူများအတွက်လည်း အထူးစိုးရိမ်ကြောင်းပြောဆိုခဲ့သည်။

ဗြိတိန်အစိုးရကမူ နအဖအမျိုးသားညီလာခံပြန်လည်ကျင်းပရေး ကြေညာချက်ကို သတိနှင့် ကြိုဆိုလိုက်ပြီး လန်ဒန် အခြေစိုက် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးကမူ အမျိုးသားညီလာခံ မကျင်းပမီ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန် နအဖကို တောင်းဆိုထားသည်။

နအဖ အနေဖြင့် ညီလာခံပြန်လည်ကျင်းပမည်ဟုဆိုနေသော်လည်း ဒီမိုကရေစီအင်အားစုများကို ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း ယင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံအစိုးရကလည်း အမျိုးသားညီလာခံတွင် သက်ဆိုင်ရာနိုင်ငံရေးပါတီနှင့် လူပုဂ္ဂိုလ်များအားလုံးကို ဖိတ်ကြားရန် နအဖကို တိုက်တွန်းထားသည်။

❖

# အိမ်မဲမြို့နယ်ရှိ လယ်သမားကြီးများ အဓမ္မ နှမ်းပဲစိုက်ပျိုးနေရ

**ဧပြီ၊(၁၄)ရက်။ [ဒီဗွီဘီ]**

ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်အတွင်းရှိ လယ်သမားများအား နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်က ကျေးရွာအုပ်စုတစုလျှင် ဧက(၂၀)နှုန်းဖြင့် တမြို့နယ်လုံး ဧက(၂၀၀၀) နှမ်းပဲ စိုက်ပျိုးရန် အဓမ္မစေခိုင်းခဲ့ကြောင်း သိရှိရသည်။

သို့သော်အာဏာပိုင်များက ဓာတ်မြေဩဇာအပါအဝင် အခြားလယ်ယာသုံးပစ္စည်းများအား လုံလောက်စွာ ပံ့ပိုးပေးခြင်း မရှိသဖြင့် အဆိုပါမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု (၉၇)စုနှင့် ရပ်ကွက်(၅)ခုရှိ လယ်သမားများ အခက်ကြုံနေရသည်။

လယ်ယာလုပ်ငန်းကျွမ်းကျင်သော လယ်သမားကြီးများအဆိုအရ လယ်တကေစိုက်ပျိုးမှုကုန်ကျစရိတ်သည် ကာလပေါက်ဈေး အနည်းဆုံး(၃)သောင်းမှ (၅)သောင်းကြားတွင် ရှိသဖြင့် ၎င်းတို့အနေဖြင့် စိုက်ပျိုးရန် ဆန္ဒမရှိသော်လည်း အာဏာပိုင်တို့က မစိုက်မနေရ စေခိုင်းခြင်းကြောင့် ငွေစိုက်ထုတ်ကာ အရှုံးခံစိုက်ပျိုးနေရကြောင်း သိရသည်။ ❖

# ဒေါ်စုကို လွှတ်ပေးရန် အာဆီယံ အတွင်းရေးမှူးချုပ်တောင်းဆို

အာဆီယံ အမြဲတမ်းအတွင်းရေးမှူးချုပ် Ong Keng Yong က အမျိုးသားညီလာခံတွင် ပါဝင်နိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ မြန်မာ့အရေးကိစ္စအား ပြေလည်အောင် ဖြေရှင်းမည်ဆိုပါက ညီလာခံဖြစ်စေ၊ ဆွေးနွေးပွဲဖြစ်စေ သူမအား ပါဝင်ခွင့်ပေးရန် လိုအပ်ကြောင်း အာဆီယံ အတွင်းရေးမှူးချုပ်က အခိုင်အမာ ပြောကြားလျက်ရှိသည်။

❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

[BINA]

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)၏ မဟာဗျူဟာရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲတခုကို ၂၃-၄-၀၄ နေ့က ထိုင်း-မြန်မာနယ်စပ်တနေရာ၌ အောင်မြင်စွာ ကျင်းပခဲ့ရာ NCUB အထွေထွေအတွင်းရေးမှူး ဦးအောင်မိုးဇော်နှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု အထွေထွေအတွင်းရေးမှူး ဒေါက်တာနိုင်အောင်တို့က အကျိုးဆောင်များအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ NCUB တွင် ပါဝင်သော အဖွဲ့အစည်းအသီးသီးမှ ထိပ်တန်းခေါင်းဆောင် စုစုပေါင်း(၄၅)ဦးခန့် တက်ရောက်ခဲ့ကြသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်းအခြေအနေများ၊ နိုင်ငံတကာအခြေအနေများကို ခေါင်းဆောင်များမှ အကျယ်အပြန့် လေ့လာသုံးသပ်ခဲ့ကြပြီး၊ NCUB ၏ လက်ရှိကျင့်သုံးနေသော မဟာဗျူဟာဦးတည်ချက်များကို ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့ကြသည်ဟု သိရှိရသည်။

အစည်းအဝေး တက်ရောက်သူများအနက် NLD-LA မှ ဒုဥက္ကဋ္ဌ ဦးတင်အောင်က "ကျနော်တို့ အခြေအနေက လမ်းဆုံလမ်းခွကို ရောက်နေပြီ။ အခုကာလမှာ အင်အားစုအားလုံးပါနိုင်တဲ့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ဖို့ဟာ အရေးကြီးပါတယ်"ဟု မိုးကြိုးသတင်းစဉ်သို့ ထုတ်ဖော်ပြောကြားခဲ့သည်။❖



အလုပ်ရုံဆွေးနွေးပွဲကျင်းပနေစဉ်

# သခွပ်ပွင့်ချိန်

ရဲထွဋ်



> အသူရာနဲ့ သိကြားတို့ စစ်ပွဲသည် အာဃာတကြီးသူတို့၏ စစ်၊ ရေရှည်စစ်၊ ညှိုးမာန်ကြီးသူတို့၏ မုန်းဟန်ဖွဲ့မှုသရုပ်၊ ခု... နအဖနှင့် ကေအဲန်ယူကြား ဖြစ်နေသည့် စစ်ကကော ...

ကျနော်တို့ကား မောင်းလာရာ လမ်းဘေး ဝဲယာတလျှောက် သခွပ်ပွင့်ဖြူဖြူတို့က မြေမှာ ဖွေးနေသည်။ အညာသား ကိုကျော်က သခွပ်ပွင့်ဋီကာဖွင့်သည်။ အညာရင်းကို ခြွေ၊ ပွင့်ဖတ်လေးကိုခွာ၍ အထဲကဝတ်မှုန်များကို ဖယ်ထုတ်ပြီး ဖွဖွလေးနေလှမ်း၊ ပြီးတော့ ရေနွေးဖျော်ပြီး သုတ်စားပါက အလွန်အရသာရှိကြောင်း သွားရေကျလောက်အောင် ပြောပြနေသည်ကို မြေပေါ်ဝဲကျလာသော သခွပ်ပွင့်များကို ငေးရင်း နားထောင်နေမိသည်။ သခွပ်ပွင့်ချိန်တွင် သိကြားနဲ့ အသူရာ စစ်ဖက်ကြစမြဲလို့ ဆိုကြသည်။ ယခုလည်း နှစ်ဖက်စစ်ပြင်နေပြီပဲလားလို့ အတွေးနယ်ချဲ့မိသည်။

အသူရာနဲ့ သိကြား သခွပ်ပွင့်ချိန်မှာ စစ်ခင်းကြတာ ငယ်ငယ်ထဲက အဖွားပြောတာ ကြားဖူး၍ နားရည်ဝနေသည်။ နည်းနည်းကြီးလာတော့ သိကြားနဲ့ အသူရာ စစ်ဖြစ်လို့ပဲ အားမရနိုင်ရှာဆိုသည့် သီချင်းစာသားလေးကို နားထဲစွဲနေမိသည်။ ‘သမီးနဲ့ ယောက္ခမ ဘောက်ကျလို့လဲ အားမရနိုင်ရှာ’ လို့ စာဆိုကဖွဲ့တော့ ဖွဲ့မှဖွဲ့တတ်ပလေ သိဂီရရသမြောက်လှပါပေရဲ့လို့ အံ့ဩမိသည်ထက်ပိုလို့ မတွေးတတ်ခဲ့။ အသူရာနဲ့ သိကြားတို့ စစ်ပွဲသည် အာဃာတကြီးသူတို့၏ စစ်၊ ရေရှည်စစ်၊ ညှိုးမာန်ကြီးသူတို့၏ မုန်းဟန်ဖွဲ့မှုသရုပ်။ ခု နအဖနှင့် ကေအဲန်ယူကြား ဖြစ်နေသည့် စစ်ကကော။

အတွေးတို့က ဟိုအဝေးမှာလွင့်နေသော တိမ်ခိုးများနှယ်ပျံ့လွင့်နေသည်။ မနေ့က ကရင်စာစောင်တခုမှာ ဖတ်ရသည့် တိုက်ပွဲသတင်းကို ဖြတ်ခနဲသတိရမိသည်။ ၂၀၀၃–ခု ဒီဇင်ဘာကနေ ၂၀၀၄–ခု ဖေဖော်ဝါရီအထိ နအဖနှင့် ကေအဲန်ယူကြား တိုက်ပွဲကြီးငယ်ပေါင်း (၂၅၀)ဖြစ်ပွားခဲ့သည် .... တဲ့။ အားပါး.... များလှချည်လား၊ ဒါတောင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းနေသည့်ကာလမို့။ နို့ မဟုတ်ရင်....။

ပြည်တွင်းစစ်က လွတ်လပ်ရေး၏ ဖွားဘက်တော်။ လွတ်လပ်ရေးရပြီး၂ လအကြာ တပြည်လုံး မီးဟုန်းဟုန်းတောက်ခဲ့ရသည်။ ယခုတိုင် သားတကွဲမယားတကွဲ သားပျောက်မိခင်များ၏ ငိုရှိုက်သံက ဘဝင်ထိညံ့နေဆဲဖြစ်သည်။ ထောင်တွင်းက အံကြိတ်သံများကို တိုးလို့သာ ကြားနေရသည်။ လွတ်လပ်မှ အမျှဝေပါဆိုသူ အာဇာနည်တို့ကိုလည်း အမျှမပေးဝေနိုင်သေး။ ထူးပါးဝီးကျိုးတိုက်ပွဲတုန်းက နော်တခံစစ်ကုန်းမှာ ကျဆုံးသွားတဲ့ ကေအဲန်ယူ ရဲဘော်လေးရဲ့ နုနယ်တဲ့မျက်နှာ။

‘ဖိုးထွဋ်ရေ ဒီမှာ နင့်အဖေသတင်း ပါလာပြီ’ဆိုပြီး အဖေတိုက်ပွဲကျသွားသည့် သတင်းပါလာသည့် သတင်းစာကို ကျောင်းကပြန်လာလို့ ဖိနပ်ပင်မချွတ်ရသေးတဲ့ ကျနော့်ကို လှမ်းပေးနေတဲ့ အမေရဲ့ ဆို့နင့်ပြီး ကြေကွဲနေတဲ့ မျက်နှာ၊ ဒါတွေက မျက်လုံးအိမ်ထဲ တခုပြီးတခု အစီအရီတိုးဝင်လို့ လာနေသည်။

ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင် စောဒေးဗစ်ထောက နှစ်ဖက်တပ်တွေနေရာချထားရေးက သိပ်အရေးကြီးတယ်၊ နောက်ထပ်တိုက်ပွဲတွေမဖြစ်အောင်လို့ သေသေချာချာ စီစဉ်ရမယ်လို့ပြောသည်။ တကယ်လုပ်ကြမှာလား၊ တကယ်လုပ်ရင်တော့ အဟုတ်ဖြစ်မှာပဲလို့ယုံပါသည်။ နည်းနာတိုက်ပွဲ ဆင်နွှဲနေရုံသက်သက်ကတော့ အလုပ်ပိုလှသည်။ ဖိုးဒိုးနဲ့ဖထီး ပေါ်လစီ သိပ်ကောင်းပါသည်။ ဒါပေမယ့် အတွေ့အကြုံကြီးတဲ့ လူထုကတော့ လက်တွေ့ဖြင့်သာ ဆုံးဖြတ်မည်ဟု ကျနော်တို့ ယုံသည်။

ကားက ရုတ်တရက် တန့်ခနဲရပ်လိုက်တော့မှ အတွေးတို့က လွင့်ပျယ်သွားသည်။ ကားရှေ့မှာ အနီရောင်ဝိုင်းတံခါးတချပ်က ပိတ်ဆို့ထားသည်။ မကြာခင် ပွင့်ထွက်လာသည်။ ခြေတုတပ်ထားသော ကေအဲန်ယူ ရဲဘော်တဦးက ကျနော်တို့ကို တံခါးဖွင့်ပေးခြင်းဖြစ်သည်။

ကားတံခါးဖွင့်ပြီးဆင်းလာတော့ ကရင်လူကြီးတယောက်က ‘ဝါလက်ကေ၊ ကော်ခိုအပေါ်မှာ စောင့်နေတယ်’ဟု ဆီးပြောသည်။ ခါတိုင်းလည်း လာနေကြမို့ မစိမ်းတော့သော မြင်ကွင်းက ကျနော်တို့ကို ဆီးကြိုနေသည်။ ကျွန်းလှေကားအတိုင်း အပေါ်ထပ်တက်သွားပြီး လက်ယာဘက်ကွေ့လိုက်သည်နှင့် အဘိုးကို ဆေးရုံသုံးလူနာခုတင် အသစ်စက်စက်ပေါ်မှာ ထိုင်နေတာ တွေ့လိုက်ရသည်။

‘ဝါလက်ကေပါ၊ အဘိုး’လို့ ကျနော်တို့ နှုတ်ဆက်တော့ ‘ဝါလက်ကေထိုင်ပါ’လို့ အနားက ကုလားထိုင်များကို ညွှန်ပြ၍ ဆိုသည်။ ဆေးရုံသုံးခုတင်ပေါ်မှာမို့ အဘိုးအခြေအနေ ဆိုးနေပြီလားလို့ ပူပန်စိတ်နှင့် စူးစမ်းကြည့်မိတော့ သူ့မျက်နှာက နူးညံ့ပြီး အေးကြည်နေသည်။ မေတ္တာဓာတ်များ သက်ပျံ့နေသလားလို့တောင် ခံစားရ၍ ပူပန်စိတ် အနည်းငယ်လျော့သွားသည်။

အတူလာမိတ်ဆွေများက ကျန်းမာရေးအခြေအနေဝိုင်းမေးတော့ တည်တည်ငြိမ်ငြိမ်ပဲ ဖြေသည်။ ကျောက်ကပ် မကောင်း....တဲ့။ ဆီးချိုတော့ သက်သာတယ်ဟု ဆိုသည်။ သကြားဓာတ် (၉၀)ပဲရှိတယ်။ ဒါ သက်သာတာပဲပေါ့ဟု လေးလေးကြီးပြောသည်။ သို့သော် ညာဘက်ခြေလယ်မှာ အနာဖြစ်နေတာကို အုန်းဆီ လိမ်းထားသည်။ (၂)လရှိပြီ မပျောက်။ ညကနာလို့ တညလုံး အိပ်မပျော်လို့ အေးချမ်းသည့်မျက်နှာဖြင့် ဆိုသည်။ ဝေဒနာခံစားရ၍ ဒေါသထွက်ဟန်မပြ၊ စိတ်ညစ်စိတ်ဆိုးဟန်မရှိ။ ပကတိချမ်းမြေ့မှု ရှိပုံရသည်။ အဘိုးတယောက် ဘယ်အတွေးတွေနဲ့ အိပ်ရာပေါ်က စစ်ပွဲကို တိုက်နေသလဲလို့ မေးခွန်းထုတ်မိသည်။

ငယ်စဉ်ကာလ တပ်မဟာ(၁)(၂)(၃)တလျှောက် စုန်ချည်ဆန်ချည် စစ်လျှောက်တိုက်နေသော ဗိုလ်ချုပ်ဘဝကို တွေးမိပြန်သည်။ စစ်မြေပြင်မှာသာ မဟုတ်။ အိပ်ရာပေါ်က တိုက်ပွဲကိုလည်း နိုင်အောင်တိုက်နိုင်သူဟု အထင်တကြီးဖြင့် အတုယူရပြန်သည်။ ဆရာတော်ဦးဇောတိကရဲ့ ကိုယ်ပန်းပေမယ့် စိတ်မနွမ်းစေတဲ့နေနည်းကို အဘိုး သိနေသလား ....။

အတူလာသူတွေက အလုပ်ကိစ္စတွေ တင်ပြကြတော့ မကျန်းမာတဲ့ကြားထဲက စိတ်ဝင်တစားရှိလှသည်။ အဲန်အယ်လ်ဒီကကော အခြေအနေ ဘယ်လိုလဲ၊ အောင်ဆန်းစုကြည်ကော တကယ်လွှတ်မှာလားဟု မေးသည်။ ဒေါ်စု၊ ဗိုလ်ချုပ်ခင်ညွန့်၊ အဘိုးတို့သုံးဦး ဆွေးနွေးဖို့ ဗိုလ်ခင်ညွန့်ကို အဘိုးပြောရင်ကောင်းမယ်လို့ အကြံပေးတော့ ကျနော် ဒီတခါ ဗိုလ်ခင်ညွန့်နဲ့တွေ့ရင် ပြောမယ်ဟု ပြုံးပြုံးကြီးဆိုသည်။

အလုပ်ကိစ္စများကို ကျနော် ဝင်မပြောဖြစ်၊ စိတ်မဝင်စားနိုင်၊ အဘိုးအကြောင်းသာ တွေးနေမိသည်။ သူ့ခေါင်းဆောင်မှုမဲ့ခဲ့ရင် ဆိုသည့်အတွေးက ကျနော့်ကိုခြောက်ခြားစေသည်။ ဆွေမျိုးရင်းဦးကြီးသဖွယ် မိဘသဖွယ် ပူပန်မိသည်။ ဆက်ထိုင်မနေဖြစ်တော့။ မတည်ငြိမ်သည့်စိတ်က နံရံက ဓာတ်ပုံများထံ ကျနော့်ကို ဆွဲခေါ်သွားသည်။

ဓာတ်ပုံများကို လိုက်ကြည့်နေမိသည်။ ငယ်နုစဉ်က မိသားစုအားလုံးရိုက်ထားသည့် ဓာတ်ပုံ။ အဘိုးကော အဘိုးဇနီးပါ ရှိလှ အသက်(၄၀)ခန့် အများဆုံး။ အငယ်ဆုံးကလေးကို ခါးထစ်ခွင်ချီထားသည့် အဘိုးဇနီးက ငယ်နုနေသေးသည်။ အခြားဓာတ်ပုံ တပုံဆီသို့ မျက်စိရောက်သွားပြန်သည်။ ဦးနုမန်းဘဇံ၊ နိုင်ရွှေကျင်တို့နှင့် ရိုက်ထားသည့်ပုံ။ ဓာတ်ပုံထဲပါသူအားလုံး အဘိုးမှအပ ကွယ်လွန်ကြပြီ။ အဘိုးလဲ....။

အတွေးတွေကို ရပ်ပစ်လိုက်သည်။ နံရံတွေက ဓာတ်ပုံတွေကိုကြည့်ရင်း မှန်ဘောင်သွင်းထားသည့် စာသားတခု၊ မိဘမေတ္တာကရင်အဖွဲ့က ထုတ်ဝေထားသည့် ‘ဘယ်သူမဆို တနေ့နေ့မှာ အိုရဦးမည်၊ နာရဦးမည်၊ သေရဦးမည်’ သံဝေဂလင်္ကာလေး ရေးထားတာ တွေ့လိုက်ရသည်။ ဒါ အဘိုးချိတ်ခိုင်းထားတဲ့ဟာ ဖြစ်မှာပါ။ တနေ့တနေ့ ဘယ်နှစ်ကြိမ်လောက် အဘိုးဖတ်ပြီး အနိစ္စကို ဆင်ခြင်သလဲ၊ ကျနော် မသိနိုင်ပါ။

ပြန်မယ်လို့ အားလုံးက သူ့ကို လက်ဆွဲနှုတ်ဆက်တော့ အဝေးမှာရှိနေသည့် ကျနော့်ကို သူမမေ့၊ လှမ်းကြည့်ပြီး လက်ကမ်းပေးသည်။ ကြီးသူ ငယ်သူ မြင့်သူ နိမ့်သူ ဘယ်သူမဆို အသိအမှတ်ပြုဆက်ဆံဖို့ အဘိုးကို ဘယ်သူ သင်ပေးခဲ့လေသလဲ။

ကားက လာလမ်းအတိုင်း ပြန်မောင်းလာတာမို့ လမ်းဘေးတဖက်တချက် ပေါက်နေသော သခွပ်တောကို ဖြတ်ရပြန်သည်။ နေပူကျဲကျဲတွင် သခွပ်ပွင့်များကား ဝေဆဲ၊ ထို့အတူ ကြွေဆဲ။ မကြာမီ ရွာလာတော့မည့် သကြံန်မိုးကို ငံ့လင့်ကြိုဆဲ။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ သမိုင်းဝင်လှုပ်ရှားမှု ပုံရိပ်များ



ဌာနချုပ်အဝင်ဂိတ်အား ဗဟိုကော်မတီဝင် ဦးစိုးဝင်းမှ လာရောက်ဖွင့်လှစ်ပေးနေစဉ်




(၁၀)လကြာ ပိတ်ပင်ထားခံရသော ဌာနချုပ်ရုံးအား အဖွဲ့ချုပ်ဝင်များမှ ဝိုင်းဝန်းရှင်းလင်းနေစဉ် (၂)



(၁၀)လကြာ ပိတ်ပင်ထားခံရသော ဌာနချုပ်ရုံးအား အဖွဲ့ချုပ်ဝင်များမှ ဝိုင်းဝန်းရှင်းလင်းနေစဉ် (၃)



နှစ်ဆန်း(၁)ရက်နေ့က အင်းယားကန်တွင် ပြုလုပ်သော ငါးလွှတ်ပွဲဆီသို့ အဖွဲ့ချုပ်ဝင်များ ကမ္ဘာအေးဘုရားလမ်းအတိုင်း ချီတက်လာစဉ်

စစ်အာဏာရှင်တို့က
မည်မျှပင် ဖိနှိပ်စေကာမူ
အလံမလှဲစတမ်းစိတ်ဓာတ်ဖြင့်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အဖွဲ့ဝင်များသည်
အစွမ်းကုန်ကိုယ်ကျိုးစွန့်
အနစ်နာခံလျက်
ပိုင်းဖြတ်သောစိတ်ဓာတ်ဖြင့်
ပြည်သူလူထုအကျိုးကို
မဆုတ်မနစ်
ကြိုးပမ်းလျက်ရှိသည်မှာ
အနာဂတ်
မျိုးဆက်သစ်များအတွက်
ဂုဏ်ယူဖွယ်ရာ၊
အတုယူဖွယ်ရာ
သမိုင်းဝင်ပုံရိပ်များဖြစ်သည်။
လမ်းဆုံလမ်းခွသို့
ရောက်ရှိနေသော ယနေ့ကာလ
မြန်မာ့နိုင်ငံရေးအခြေအနေတွင်
ဖိနှိပ်မှုကြီးလေလေ၊
တန်ပြန်တွန်းလှန်မှု
ကြီးမားလေလေဖြစ်သည်ကို
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အဖွဲ့ဝင်များ၏ လုပ်ရပ်က
သက်သေထူနေသည်။
တဟုန်ထိုးအားကောင်းလာသော
ပြည်တွင်းလှုပ်ရှားမှုများကို
ပိုမိုသိမြင်နားလည်စေရန်
ရည်ရွယ်၍
ဧပြီလအတွင်း
အဖွဲ့ချုပ်အဖွဲ့ဝင်များ၏
လှုပ်ရှားမှုပုံရိပ်ကို
မိုးကြိုးစာဖတ်ပရိတ်သတ်သို့
တင်ဆက်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့**




(၁၀)လကြာ ပိတ်ပင်ထားခံရသော ဌာနချုပ်ရုံးအား အဖွဲ့ချုပ်ဝင်များမှ ဝိုင်းဝန်းရှင်းလင်းနေစဉ် (၁)



(၁၀)လကြာ ပိတ်ပင်ထားခံရသော ဌာနချုပ်ရုံးသို့ အဖွဲ့ချုပ်ဝင်များ စုရုံးရောက်ရှိလာကြစဉ်



အဖွဲ့ချုပ် အဖွဲ့ဝင်များ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ဆုတောင်းဆန္ဒပြုနေစဉ်



နှစ်ဆန်း(၁)ရက်နေ့က အင်းယားကန်တွင် ပြုလုပ်သော ငါးလွှတ်ပွဲသို့ ချီတက်လာကြသော အဖွဲ့ချုပ်ဝင်များ အင်းယားကန်သို့ ဝင်ရောက်လာစဉ်



# သတင်းစာ(ဆရာ)များသည် သမိုင်းကို ပြောနေသည်

**ပါမယ်**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းက ဘီဘီစီ အင်တာဗျူးတခုဟာ ပြဿနာ တော်တော်များများကို ရှင်းလင်းသွားစေခဲ့ပါတယ်။ အဲဒါကတော့ ၁၉၅၈ ခု အာဏာသိမ်း စစ်ခေါင်းဆောင် အငြိမ်းစားဗိုလ်မှူးချုပ်အဆင့်ရှိ မောင်မောင်ရဲ့စကားတွေဖြစ်ပါတယ်။ မောင်မောင်ဟာ ၅၈ အာဏာသိမ်းမှုတွေကို တာဝန်ခံပြောသွားရုံတင်မကဘဲ သူ့ရဲ့ မိုက်ဖော်ဆိုးဖက် ဆိုရှယ်လစ်တွေ ကြီးစိုးရမ်းကားခဲ့တဲ့ ကာလကိုပါ တာဝန်ခံကာကွယ်ပြောသွားခဲ့လို့ ပြဿနာကို ရှင်းလင်းသွားစေတယ်လို့ ပြောရတာဖြစ်ပါတယ်။

ရှင်းသွားတဲ့ ပြဿနာတွေကတော့ ၄၈–၅၈ ကာလ အာဏာရဆိုရှယ်လစ်တွေ ဘာလဲ၊ ပြည်တွင်းစစ် ဘာကြောင့်ဖြစ်ရသလဲ၊ ကွန်မြူနစ်တွေတင်မက ဗိုလ်ချုပ်အောင်ဆန်းရဲ့ လူရင်း ပြည်သူ့ရဲဘော်တွေ၊ အင်္ဂလိပ်–ဂျပန်တော်လှန်ရေးက ပေါက်ဖွားလာတဲ့ တပ်မတော်ရဲ့အစိတ်အပိုင်းတွေနဲ့ တိုင်းရင်းသားလူမျိုးစုတွေ ဘာကြောင့်လက်နက်စွဲကိုင်သူပုန်ထခဲ့ကြသလဲ၊ စစ်အာဏာရှင်စနစ်ကို ပထမဆုံး မျိုးစေ့ချ ပျိုးထောင်ပေးခဲ့သူတွေဟာ ဘာတွေလဲဆိုတဲ့ ပြဿနာများပါဘဲ။

၁၉၄၈ ခု လွတ်လပ်ရေးရပြီး နှစ်လကျော်ကျော်လေးအရှိမှာ နိုင်ငံရဲ့စတုတ္ထမဏ္ဍိုင် သတင်းစာလွတ်လပ်ခွင့်ကို နင်းချေဖျက်ဆီးပစ်ပြီး လူမျိုးစုံပြည်သူတွေမျှော်လင့် စောင့်စားနေတဲ့ ဒီမိုကရေစီနဲ့ လွတ်လပ်မှု ရွှေအိပ်မက် ပြိုပျက်ကြေမွသွားအောင် အာဏာရဆိုရှယ်လစ်တွေက လုပ်ခဲ့ပါတယ်။ အဲဒါကတော့ အိုးဝေသတင်းစာ၊ ပြည်သူ့ဟစ်တိုင်သတင်းစာနဲ့ စီးပွားရေးသတင်းစာတိုက် (၃) ခုကို မူးရူးပေါက်မြောက်နေတဲ့ အာဏာရဂိုဏ်းသား လူရမ်းကားအစုအဝေးတခုက ဝင်ရောက်တိုက်ခိုက်ပြီး ရိုက်ချိုးဖျက်ဆီးပစ်မှုပဲဖြစ်ပါတယ်။

ဒီကိစ္စကို မောင်မောင်က အသေအလဲ ကာကွယ်ပြောဆိုပြီး လေးတန်းတောင် မအောင်တဲ့၊ အောက်တန်းစား သတင်းစာသမားတွေကြောင့် ခုလိုဖြစ်ရတာလို့ ပြောသွားတယ်။ ကိုလိုနီနယ်ချဲ့သမားနဲ့ ဖက်ဆစ်ဂျပန်လက်အောက် လူဖြစ်ခဲ့ရတဲ့ ဗမာပြည်သူတွေ အတန်းပညာ မသင်နိုင်ခဲ့တာကိုပဲ သောက်သုံးမကျရကောင်းလားလို့ ပြည်သူလူထုကို မိုက်မိုက်ရိုင်းရိုင်း ဆဲရေးပုတ်ခတ်စော်ကားလိုက်တဲ့ အဓိပ္ပာယ်ပါပဲ။

အာဏာရ ဆိုရှယ်လစ်တွေနဲ့တကွ ပုလင်းတူဗူးဆို့ စစ်အုပ်စုထိပ်သီးတွေက ဖူးပွင့်စ ဒီမိုကရေစီကိုဖျက်ဆီးဖို့ အကြောင်းရှာရာမှာ လက်ညှိုးငေါက်ငေါက်ထိုး ဆဲရေးခံရတဲ့သတင်းစာဆရာတွေကို လေ့လာကြည့်ရအောင်။ လေးတန်းပဲ အောင်တာ ဘယ်နှစ်ယောက်ပါသလဲ ကြည့်ကြပါစို့။

အိုးဝေသတင်းစာဟာ ဦးညိုမြ ဦးစီးထုတ်ဝေပိုင်ဆိုင်တဲ့ သတင်းစာဖြစ်ပါတယ်။ ဦးညိုမြ (ခေါ်) မောင်သုမနဟာ ၁၉၃၆ ခု ရန်ကုန်တက္ကသိုလ်မှာ ပညာသင်နေစဉ် ကျောင်းသားသမဂ္ဂကထုတ်တဲ့ အိုးဝေမဂ္ဂဇင်းထဲမှာ"ခွေးသရမ်းကြီး လွတ်နေသည်" ဆောင်းပါးရေးလို့ တက္ကသိုလ်ကျောင်းအုပ်ကြီးနဲ့ ပြဿနာတက်ရာကနေ အိုးဝေမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ၊ ကျောင်းသားသမဂ္ဂအမှုဆောင် ကိုအောင်ဆန်း (နောင် ဗိုလ်ချုပ်အောင်ဆန်း)ကို ကျောင်းထုတ်ပစ်တဲ့အတွက် ၁၉၃၆ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ အဲဒီဆောင်းပါးကို အယ်ဒီတာ့ထံပေးစာပုံစံနဲ့ အင်္ဂလိပ်လို ရေးထားတာဟာ အင်မတန်ပြောင်မြောက်လွန်းလို့ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပိုင်နိုင်မှုကို သက်သေထူနေတယ်လို့ ဖတ်ဖူးသူတိုင်း လက်ဖျားခါပါတယ်။ အင်္ဂလိပ်ဘာသာတင်သာမက မြန်မာဘာသာ ကျွမ်းကျင်နှံ့စပ်မှုကိုလဲ သူရေးသားပြုစုခဲ့တဲ့ "ကုန်းဘောင်ရှာပုံတော်"စာအုပ်ကြီးက သက်သေခံနေပါတယ်။

ဦးညိုမြဟာ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရပြီးနောက် အင်္ဂလန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံကို ပညာတော်သင်သွားခဲ့ရာမှာ အမေရိကန်ပြည်ထောင်စုကနေ သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို ရယူနိုင်ခဲ့ပါတယ်။ အမေရိကန် သတင်းစာပညာ မဟာဝိဇ္ဇာဘွဲ့ကို မြန်မာနိုင်ငံမှာ ပထမဆုံးရသူဖြစ်လာပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ အမေရိကန် အစိုးရက OSS မှာ အမှုထမ်းဖို့ ဖိတ်ခေါ်တာဝန်ပေးခံရတယ်။

ဦးညိုမြဟာ အနောက်တိုင်းပုံစံ ဒီမိုကရေစီကို နှစ်နှစ်ကာကာယုံကြည်သူဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ သိန်းဖေမြင့်စသူတွေနဲ့ ရင်းရင်းနှီးနှီး တွဲမိခဲ့ပေမယ့် လက်ဝဲအယူအဆ စွန်းထင်းမှု လုံးဝမရှိခဲ့ပါဘူး။ လက်ဝဲသမားမဟုတ်ပေမယ့် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့လို လက်ျာစွန်းသမားလည်း တခါမှမဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ဦးညိုမြလို ဗမာပြည်မှာ သတင်းစာပညာနှင့်ပတ်သက်တဲ့ အမြင့်ဆုံးဘွဲ့ရထားသူ၊ အနောက်တိုင်းပုံစံ ပါလီမန်ဒီမိုကရေစီနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို အပြည့်အဝယုံကြည်သူရဲ့ သတင်းစာတိုက် ရိုက်ချိုးခံရခြင်းဟာ လွတ်လပ်ခါစ ဗမာပြည်ရဲ့ဒီမိုကရေစီအနေအထားကို ထိခိုက်ပြောင်းလဲသွားစေခဲ့ပါတယ်။

နောက်ထပ်ရိုက်ချိုးခံရတဲ့ "ပြည်သူ့ဟစ်တိုင်"သတင်းစာတိုက်ကတော့ ဂျာနယ်ကျော်မမလေး ပိုင်ဆိုင်ဦးစီးတဲ့ သတင်းစာတိုက်ဖြစ်ပါတယ်။ ဂျာနယ်ကျော်မမလေးကတော့ (၉)တန်းအောင်သူ ဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ် (၉)တန်းဆိုတာ မဆလ–နအဖခေတ် (၉)တန်းမပြောနဲ့၊ ဖဆပလခေတ် (၉)တန်းထက်တောင် အဆင့်မြင့်ပါသေးတယ်။ ဂျာနယ်ကျော်မမလေးရဲ့ခင်ပွန်း နာမည်ကျော်သတင်းစာဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်ဆိုရင် ဉာဏ်ပညာလဲထက်မြက်၊ တိုင်းချစ်ပြည်ချစ်စိတ်လဲ ပြင်းပြလို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် လေးစားကြည်ညိုပြီး ဖဆပလ ဗဟိုအလုပ်အမှုဆောင်ကော်မတီလူကြီးအဖြစ် တာဝန်ပေးခံရတယ်။ ဗဟုသုတလည်း ပြည့်ဝ၊ စိတ်နေစိတ်ထားလည်း မြင့်မားပြီး အလုပ်လဲ အင်မတန်ကြိုးစားလို့ နာမည်ကြီးသူဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင် ကွယ်လွန်သွားလို့ ကျန်ရစ်သူ ဂျာနယ်ကျော်မမလေးက သတင်းစာတိုက်ကို ဆက်လက်ဦးစီးခဲ့ရာမှာ ခင်ပွန်းသည်ရဲ့ ခြေရာမှီအောင် တောက်လျှောက် ကြိုးစားအားထုတ်ခဲ့တာ သိမှီသူတွေအားလုံး ချီးကျူးကြရတယ်။ ဖဆပလခေတ်တလျှောက်လုံး ကျောင်းသားသမဂ္ဂကို အစွမ်းကုန် ကူညီဖေးမပေးခဲ့သူလည်းဖြစ်တယ်။ မြန်မာစာရေးဆရာ(မ)တယောက်ရေးတဲ့ဝတ္ထုကို နိုင်ငံခြားတိုင်းပြည်တခုက ဝယ်ပြီး ရုပ်ရှင်ရိုက်ခံရတာ ဂျာနယ်ကျော်မမလေးရဲ့"သွေး"ဝတ္ထုတပုဒ်တည်း ရှိပါတယ်။

"စီးပွားရေး"သတင်းစာအကြောင်းတော့ ကောင်းကောင်းမသိပါ။ ဗဟိုကချုပ်ကိုင်တဲ့ လက်ဝဲစီမံကိန်းစီးပွားရေးဘက်က ရပ်ခံတဲ့ သတင်းစာမဟုတ်တာတော့ သေချာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သတင်းစာတိုက်သုံးတိုက်မှာ နှစ်တိုက်ရဲ့အခြေအနေ ကြည့်ရုံနဲ့ မောင်မောင် ပြောသလို ဟုတ်မဟုတ် အရှင်းကြီးပါပဲ။ ဒီသတင်းစာတိုက်နှစ်တိုက်က သတင်းစာဆရာတွေဟာ ဆိုရှယ်လစ်တွေ၊ မောင်မောင်အပါအဝင် စစ်အုပ်စုတွေထက် အများကြီး ပိုပညာတတ်တယ်ဆိုတာ ထင်ရှားနေရုံတင်မဟုတ်သေးဘဲ မောင်မောင်တို့ စစ်အုပ်စုက မွေးထုတ်ခဲ့တဲ့ ဂါးဒီယန်းစိန်ဝင်းတို့၊ မဆလ–နအဖ မွေးထုတ်ခဲ့တဲ့ တက္ကသိုလ်မြတ်သူတို့ထက်လဲ အပုံကြီး ပိုပညာတတ် ထက်မြက်တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

အဲဒါတွေအပြင် ဆိုရှယ်လစ်တွေနဲ့ စစ်အုပ်စုဝင်တွေ မျက်မုန်းကျိုးတဲ့ တခြားသတင်းစာဆရာတွေကိုလဲ လေ့လာကြည့်ပါဦး။

ဆိုရှယ်လစ်တွေကြီးစိုးတဲ့ ဖဆပလ ဒီမိုကရေစီခေတ်မှာ သတင်းအရေးအသားကြောင့် ထောင်ကျခဲ့ရတဲ့ သတင်းစာဆရာ လူထုဦးလှဆိုရင် တက္ကသိုလ်ထိ ပညာသင်ခဲ့ဖူးပြီး အင်မတန် အသိဉာဏ်ကြီးမားကြွယ်ဝသူဖြစ်ပါတယ်။ တဦးချင်း စိတ်နေသဘောထားအနေနဲ့ အလွန်တရာမှ အထက်တန်းကျလို့ သိကျွမ်းသူတိုင်း လေးစားခင်မင်ရသူဖြစ်ပါတယ်။ အဲဒီလိုလူဟာ ဖဆပလ ဒီမိုကရေစီခေတ်မှာ "လူထု"သတင်းစာထဲ အစိုးရကမင်းမနိုင်ကျူးကျော်ရပ်ကွက်ဖျက်တဲ့ကိစ္စ ပွင့်ပွင့်လင်းလင်းရေးလို့ ၁၉၅၃ ခုကနေ ၁၉၅၆ ခုအထိ ထောင်ကျခဲ့တယ်။ မဆလခေတ်မှာလဲ ထောင်ကျသေးတယ်။

လူထုဦးလှရဲ့ကျန်ရစ်သူဇနီးသည် လူထုဒေါ်အမာဟာလည်း ၁၉၃၈ တက္ကသိုလ်ကျောင်းသားသပိတ်မှာ ပါဝင်ခဲ့သူ၊ အသိအမြင် ကြွယ်ဝနှံ့စပ်သူဖြစ်တဲ့အပြင် ပြည်သူ့ဘက်က ရပ်တည်တဲ့ စိတ်ဓာတ်ခိုင်မာပြတ်သားသူဖြစ်လို့ ဒီကနေ့စစ်အုပ်စုရဲ့ ဒုတိယအမုန်းတီးဆုံးအမျိုးသမီး ဖြစ်နေပါတယ်။ လူထုဦးလှနဲ့ ဒေါ်အမာတို့ရဲ့ ဉာဏ်ပညာအဆင့်အတန်းကို သူတို့ရေးခဲ့တဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေက သက်သေထူနေပါတယ်။

လင်းယုန်ဂျာနယ်ထုတ်ဝေသူ စာရေးဆရာ၊ သတင်းစာဆရာဗန်းမော်တင်အောင်ကတော့ အင်္ဂလိပ်ခေတ် (၁၀)တန်းအောင်သူ၊ အင်္ဂလိပ်ခေတ်က ဗမာပြည်တပ်မတော်မှာ အရာရှိဖြစ်ခဲ့သူပါ။ သူ့ရဲ့အဆင့်မြင့် သိပ္ပံပညာဆိုင်ရာကျမ်းတွေကိုကြည့်ရင် သူ့ပညာအရည်အချင်း ကောင်းကောင်းသိနိုင်ပါတယ်။ ဗန်းမော်တင်အောင် ကွယ်လွန်တဲ့အခါ ရန်ကုန်တက္ကသိုလ်ရူပဗေဒဌာနက ပါမောက္ခ အပါအဝင် ဆရာဆရာမတွေ သူ့အုတ်ဂူသွားဂါရဝပြု ကန်တော့ခဲ့ကြတယ်။ ဒါတင်မက

ဗန်းမော်တင်အောင်ဟာလဲ လူထုဦးလှလိုပဲ အင်မတန်မှ ကိုယ်ရည်ကိုယ်သွေးမြင့်မားယဉ်ကျေးလှလို့ သိကျွမ်းရင်းနှီးသူတိုင်းက သူတို့နှစ်ဦးကို တကယ့်လူကြီးလူကောင်း Gentleman တွေအဖြစ်ရော၊ အင်မတန်ထက်မြက်သူတွေအဖြစ်ပါ အသိအမှတ်မပြုဘဲ မနေနိုင်ကြပါ။

ဗန်းမော်တင်အောင်ဟာလဲ ပြည်သူလူထုဘက်လိုက်တဲ့ စာပေအရေးအသားကြောင့် ဖဆပလ ဒီမိုကရေစီခေတ်မှာ ၁၉၅၂ ကနေ ၁၉၅၇ ခုနှစ်ထိ ထောင်ကျ၊ ပထမစစ်အာဏာရှင်ခေတ်မှာ ဒုတိယအကြိမ် ထောင်ထပ်ကျ၊ နေဝင်းမဆလခေတ်မှာ တတိယအကြိမ် ထောင်ထပ်ကျခဲ့ရတဲ့အထိ အာဏာရ လူတန်းစားက မျက်မုန်းကျိုးတာ ခံခဲ့ရတယ်။

သူတို့နှစ်ယောက်လို ဖဆပလခေတ်မှာ ထောင်မကျခဲ့ပေမယ့် ဆိုရှယ်လစ်တွေနဲ့ စစ်အုပ်စုဝင်တွေရဲ့မုန်းတီးခြင်းခံရတဲ့ အခြားသတင်းစာဆရာနှစ်ယောက်ကတော့ ဦးထွန်းဖေနဲ့ မိုးကြိုးဦးအုန်းခင်တို့ဖြစ်ပါတယ်။

ဦးထွန်းဖေဟာ ၁၉၂၀ ကျောင်းသားသပိတ်ကြီးမှာ ခေါင်းဆောင်တဦးဖြစ်ခဲ့ပြီး ဝါရင့်သတင်းစာဆရာကြီးဖြစ်ပါတယ်။ ၁၉၄၈ ခု ဇန်နဝါရီ (၄)ရက် လွတ်လပ်ရေး ရပြီးနောက် ဝန်ကြီးချုပ်သခင်နုက ပြန်ကြားရေးဝန်ကြီး ခန့်ခဲ့ပေမယ့် သတင်းစာတိုက်တွေ ရိုက်ချိုးမှုကို ကန့်ကွက်တဲ့အနေနဲ့ ဝန်ကြီးရာထူးက ထွက်ခဲ့သူဖြစ်တယ်။ နောက်ပိုင်းမှာ ဦးနုက ဝန်ချတောင်းပန်လို့ ဝန်ကြီးရာထူး ပြန်ယူခဲ့သော်လည်း (၂)နှစ်လောက်အကြာမှာ ရာထူးကထွက်ပြီး လွတ်လပ်တဲ့ သတင်းစာလုပ်ငန်းကိုပဲ ပြန်လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။

ဆိုရှယ်လစ်တွေနဲ့ နေဝင်းအပါအဝင် စစ်အုပ်စုထိပ်သီးတွေကို အင်မတန်သတ္တိရှိရှိနဲ့ ရင်ဆိုင်ခဲ့တဲ့ မိုးကြိုးဦးအုန်းခင်ဟာလည်း ၁၉၂၀ ကောလိပ်ကျောင်းသားသပိတ်မှာ ပါဝင်ခဲ့ပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့် ဒီမိုကရေစီကို ခိုင်ခိုင်မာမာရပ်ခံသူဖြစ်ပါတယ်။ ဒါကြောင့်လဲ ၆၂ ခု နေဝင်း အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံခဲ့ရတယ်။

> "အရည်အချင်းပြည့်ဝသူတွေ၊ ဒီမိုကရေစီကို ခိုင်ခိုင်မာမာယုံကြည်ပြီး
> တိုင်းပြည်တကယ်ချစ်တဲ့သူတွေတောင်မှ ထောင်တန်းကျသူ ကျ၊ သတင်းစာတိုက်
> ရိုက်ချိုးခံရသူခံရဖြစ်နေမှတော့ တခြားအင်အားစုတွေ၊ တိုင်းရင်းသားလူမျိုးအင်အားစုတွေအနေနဲ့
> ပူပူနွေးနွေး လွတ်လပ်ရေးရစ ဗမာပြည်ရဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို မခံစားနိုင်၊
> မယုံကြည်နိုင်ဘဲ ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့ရတာ မဆန်းပါဘူး"

ဒီလို အင်မတန် အရည်အချင်းပြည့်ဝသူတွေ၊ ဒီမိုကရေစီကို ခိုင်ခိုင်မာမာယုံကြည်ပြီး တိုင်းပြည် တကယ်ချစ်သူတွေတောင်မှ ထောင်တန်းကျသူ ကျ၊ သတင်းစာတိုက် ရိုက်ချိုးခံရသူ ခံရ၊ ဆိုရှယ်လစ်တွေ၊ သူတို့နဲ့ ပေဖော်တေဖက် စစ်အုပ်စုထိပ်သီးတွေရဲ့ ဒုက္ခပေးနှောက်ယှက်မှု ခံရသူခံရဖြစ်နေမှတော့ တိုင်းပြည်တွင်းက တခြားအင်အားစုတွေ၊ တိုင်းရင်းသားလူမျိုးအင်အားစုတွေ အနေနဲ့ ပူပူနွေးနွေးလွတ်လပ်ရေးရစ ဗမာပြည်ရဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို မခံစားနိုင်၊ မယုံကြည်နိုင်ဘဲ ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့ရတာ ဘာမှမဆန်းပါဘူး။

**"သတင်းစာများသည် သမိုင်းကို ပြောနေကြသည်"**လို့ လူထုဦးလှရေးခဲ့ဖူးပါတယ်။ တကယ်ကတော့ အဲသလောက်တင် မကဘဲ မြန်မာသတင်းစာဆရာတွေရဲ့ အရည်အသွေး၊ အရည်အချင်းတို့ကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်ရဲ့သမိုင်းကြောင်းကိုလည်း အမှန်အတိုင်း သိနိုင်ပါတယ်။ ❖

# နအဖ တုံ့ပြန်စာကြောင့် ကေအဲန်ပီပီ အပစ်အခတ်ရပ်စဲရေး အစီအစဉ်ပျက်ရ



မန်းအောင်သန်းလေး

**ဧပြီ၊ (၃)ရက်။**

ရန်ကုန်သို့ သွားရောက်ကာ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမည့် ကေအဲန်ပီပီ ကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သော မတ်လ (၃၁)ရက်နေ့က နအဖမှ ပေးပို့သော တုံ့ပြန်စာကြောင့် ဆွေးနွေးပွဲအစီအစဉ်အား ရုတ်တရက် ရွှေ့ဆိုင်းလိုက်ရကြောင်း သိရှိရသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ကေအဲန်ပီပီ ထိပ်တန်းခေါင်းဆောင်များ အစည်းအဝေး ကျင်းပခဲ့ပြီး နအဖနှင့် ဆွေးနွေးမည့်ကိစ္စအား ဖျက်သိမ်းမည့်သဘောမျိုး မဟုတ်ဘဲ အခြေအနေတရပ်ကို စောင့်ကြည့်ပြီး ဖြစ်နိုင်ခြေရှိသော အပစ်အခတ်ရပ်စဲရေးကို စဉ်းစားခဲ့ကြသည်ဟု ကေအဲန်ပီပီ ဥက္ကဋ္ဌ မန်းအောင်သန်းလေးက အစည်းအဝေးနှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုခဲ့သည်။

နအဖဘက်မှ ဗိုလ်မှူးချုပ်ကျော်သိန်း ပေးပို့လိုက်သည့် စာတွင် ကေအဲန်ပီပီကိုသာ အသိအမှတ်ပြုစကားပြောမည်ဖြစ်ပြီး "မြန်မာအစိုးရနှင့် ကရင်နီအစိုးရတို့ တွေ့ဆုံရန်" ဆိုသည့် အသုံးအနှုန်းအား လက်ခံနိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကရင်နီအမျိုးသားများက ယခုဖြစ်နေသောစစ်အားပြည်တွင်းစစ်ဟု လုံးဝမခံယူဘဲ ကျူးကျော်စစ်ဟု ခံယူကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့သည် တိုင်းပြည်တခုထဲမှ အဖွဲ့အစည်းမဟုတ်ပဲ သီးခြားတိုင်းပြည်တခုဖြစ်သည်ဟု ကေအဲန်ပီပီ ဥက္ကဋ္ဌ မန်းအောင်သန်းလေးက တုန့်ပြန်ပြောဆိုခဲ့သည်။ ❖

# နအဖနှင့်ကေအဲင်န်ယူ အပစ်အခတ်ရပ်စဲရေး အခြေအနေမည်သို့အဆုံးသတ်မည်မသိ

**ဧပြီ၊ (၂၂)ရက်။ [ဒီဗွီဘီ]**

နအဖစစ်အုပ်စုနှင့် ကရင်အမျိုးသားအစည်းအရုံးတို့အကြား ထပ်မံပြုလုပ်မည့် ဆွေးနွေးပွဲကို မကြာမီ နအဖက ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံပြီးမှသာ ဆက်လက်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ကေအဲန်ယူ နိုင်ငံခြားရေးတာဝန်ခံ ဖဒိုစောဒေးဗစ်ထောက ပြောဆိုသည်။

နအဖအနေဖြင့် အမျိုးသားညီလာခံ ကျင်းပရန်ကိစ္စအတွက် ပြင်ဆင်မှုများရှိနေ၍ ယခုလို ရွှေ့ဆိုင်းရခြင်းဖြစ်ပြီး ထပ်မံတွေ့ဆုံချိန်တွင် နှစ်ဘက်တပ်များနေရာချထားရေး၊ တပ်များ သွားလာလှုပ်ရှားမှုလမ်းကြောင်းများနှင့်ပတ်သက်၍ ဆွေးနွေးသွားရန် ရှိကြောင်း "နှစ်ဦးနှစ်ဖက် ယုံကြည်မှု တည်ဆောက်တဲ့အပိုင်းမှာ နှစ်ဦးနှစ်ဖက်ရဲ့ ပစ်ခတ်မှုတွေကိုလည်း လျှော့နည်းစေပြီးတော့ အပစ်အခတ်ရပ်စဲမှုကို ပိုမိုခိုင်မြဲစေမယ့် အကြောင်းအရာတွေဖြစ်ပါတယ်"ဟု ဆက်လက်ပြောဆိုခဲ့သည်။

သို့ရာတွင် ကေအဲန်ယူတပ်ဖွဲ့များနှင့် နအဖတပ်ဖွဲ့များကြား ပဲခူးတိုင်း၊ ရွှေကျင်–ကျောက်ကြီးဒေသ ကေအဲန်ယူ တပ်မဟာ(၃) နယ်မြေအတွင်း ယခုရက်ပိုင်းအတွင်း နှစ်ဖက်စစ်ကြောင်းတွေ့ဆုံရာမှ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း ကေအဲန်ယူပြန်ကြားရေး တာဝန်ခံ ပဒိုဒေးဗစ်တာကပေါက အတည်ပြုပြောဆိုခဲ့သည်။

တချိန်တည်းတွင် အသက်(၇၇)နှစ် ရှိပြီဖြစ်သည့် ကေအဲန်ယူ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြမှာလည်း ဆီးချိုရောဂါကြောင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ပုဂ္ဂလိကဆေးရုံတခုတွင် ဆေးကုသမှုခံယူနေရရာ နအဖနှင့် ဆွေးနွေးနေသည့် အပစ်အခတ်ရပ်စဲရေးကိစ္စ အလားအလာများနှင့်ပတ်သက်၍ ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက "အပစ်အခတ်ရပ်စဲရေးကိစ္စကတော့ သူတို့ပေးထားတဲ့ကတိအတိုင်း တည်မယ်ဆိုရင် အလားအလာကောင်းတဲ့ဘက်ကိုတော့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ နအဖ၏ ယခင်ပုံစံအတိုင်း ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ "မူလအတိုင်းပဲ ဆက်သွားမယ်ဆိုရင်တော့ အရင်ညီလာခံအတိုင်း ထောက်ခံမှုရမှာ မဟုတ်ဘူး"ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့ပြီး စစ်အုပ်စုသည် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းရန် အကြောင်းပြ၍ မကြာမီ ကျင်းပတော့မည့် အမျိုးသားညီလာခံကို လမ်းဟောင်းအတိုင်း ပြန်သွားရန် ကြိုးပမ်းနေ၍ အများက သံသယရှိနေသလို ကေအဲန်ယူနှင့် အပစ်အခတ်ရပ်စဲရေးလုပ်ရန် နအဖက ပြောဆိုနေသည်မှာလည်း စစ်မှန်သည့်လုပ်ရပ် ဟုတ်မဟုတ် စောင့်ကြည့်ရမည် ဖြစ်ကြောင်း အလေးအနက် ပြောကြားသွားသည်။ ❖



ပဒိုစောဒေးဗစ်တာကပေါ

# တိုင်းနှင့်ပြည်နယ်များမှ အဖွဲ့ချုပ်ဝင်များ၏ လှုပ်ရှားမှုများ

**ဧပြီ၊ (၆)ရက်။**

အဖွဲ့ချုပ် တနင်္သာရီတိုင်း ဥက္ကဋ္ဌ၊ ကော့သောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှမင်းအား အာဏာပိုင်တို့က ဖမ်းဆီးထားကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့်လအတွင်းက တနင်္သာရီတိုင်း (၁၀)မြို့နယ်မှ (၈)မြို့နယ်သို့ ခရီးထွက်ခဲ့ပြီး မြို့နယ်စည်းရုံးရေးကော်မတီ အသစ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ကျန်ရှိသော တနင်္သာရီနှင့် ဘုတ်ပြင်းမြို့နယ်တို့ကို တိုင်းအတွင်းရေးမှူး ဦးအောင်စိုးက တိုင်းစည်းအဖွဲ့ဝင်များနှင့်အတူ ဧပြီလကုန်ပိုင်းတွင်း သွားရောက်ရန်ရှိသည်ဟု ဦးလှမင်းက ဆိုသည်။

တနင်္သာရီတိုင်းအတွင်း ရုံးများ ဖွင့်ခွင့်မရသေးသော်လည်း အိမ်များတွင် လုပ်ငန်းများ လုပ်ကိုင်နေကြပြီး ထားဝယ်၊ ပလောနှင့် ကော့သောင်တို့တွင် အမျိုးသမီးအဖွဲ့များ အကြမ်းဖျင်း ဖွဲ့စည်းထားပြီး ဖြစ်သည်ဟု အတွင်းရေးမှူး ဦးအောင်စိုးက ဆိုသည်။

အလားတူ ကချင်ပြည်နယ်မြို့နယ် အဖွဲ့ချုပ် စည်းရုံးရေးကော်မတီဝင် (၁၉)ဦး လက်မှတ်ရေးထိုးပြီး ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးနှင့် အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်ခွင့်ရရှိရေးအတွက် မတ်လ(၂၂)ရက်နေ့က နအဖ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းရွှေထံ စာရေးတောင်းဆိုထားကြောင်း မြစ်ကြီးနားမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးနေဝင်း အဆိုအရ သိရသည်။

ရခိုင်ပြည် တောင်ကုတ်မြို့နယ် အဖွဲ့ချုပ်ဝင်များသည် ယနေ့ထိတိုင် ပုံမှန် လစဉ်အစည်းအဝေးများ ပြုလုပ်ခြင်း၊ လွတ်လပ်ရေးအောင်ပွဲနေ့၊ တော်လှန်ရေးနေ့ စသည့် အထိမ်းအမှတ်နေ့များ၌ ဗဟိုသို့ လူလွှတ်တက်ခိုင်းခြင်းများ လုပ်ဆောင်နေဆဲရှိသည်ဟု မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်က ရခိုင်ပြည်နယ်အတွင်းရှိ အဖွဲ့ချုပ်၏ အခြေအနေအား ထုတ်ဖော်ပြောဆိုခဲ့ကြောင်း သိရသည်။

❖

# နအဖအမျိုးသားညီလာခံတက်ရန် အပစ်အခတ်ရပ်အဖွဲ့ ၂ဖွဲ့ အသင့်ရှိ

**ဧပြီ၊(၉)ရက်။ [ဒီဗွီဘီ]**

အပစ်အခတ်ရပ်စဲထားပြီး ညီလာခံ ကိုယ်စားလှယ်အသစ်အဖြစ် ဖိတ်ကြားခံထားရသော ကေအိုင်အိုအဖွဲ့က ညီလာခံတက်ရေးဆုံးဖြတ်ထားချက်များအား ပြင်ဆင်ရန် မရှိသလို ညီလာခံဖိတ်စာကို လက်ခံရန်နှင့် ညီလာခံတက်ရန် ပြင်ဆင်ပြီးသားဖြစ်သည်ဟု ဒုဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောဆိုခဲ့သည်။

၎င်းအနေဖြင့် ယခုကျင်းပမည့် ညီလာခံတွင် လူမျိုးစုခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အနိုင်ရပါတီကိုယ်စားလှယ်များနှင့် တက်သင့်တက်ထိုက်သောပုဂ္ဂိုလ်များ ပါဝင်ပြီး လွတ်လပ်စွာ ဆွေးနွေးတင်ပြပိုင်ခွင့်ရှိသော ညီလာခံမျိုး ဖြစ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ကေအိုင်အိုမှ ညီလာခံတက်ရောက်ရန် ရွေးချယ်ထားသောကိုယ်စားလှယ်တို့မှာ အဖွဲ့ခေါင်းဆောင် ဒေါက်တာတူးဂျာ၊ ဦးလဖယ်လာ၊ ဦးဂွန်မော်၊ ဦးဆင်ဝါးနှင့် ဦးဇော်ရော်တို့ဖြစ်ကြောင်း သိရသည်။

အလားတူ အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီမှလည်း ညီလာခံတက်ရေးမတက်ရေးကို လာမည့် မေလဆန်းတွင် ကျင်းပမည့် ဗဟိုကော်မတီအစည်းအဝေးက အဆုံးအဖြတ်ပေးလိမ့်မည်ဟု အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ဆိုသည်။ ၎င်းက ယခုကျင်းပမည့်ညီလာခံသည် လွတ်လပ်ပွင့်လင်းပြီး အဖွဲ့အစည်းပေါင်းစုံ ပါဝင်နိုင်သည့်အနေအထားမျိုးဖြစ်ရန် တောင်းဆိုထားသည်ဟု ဆိုသည်။

မွန်ပြည်သစ်ပါတီမှ ညီလာခံတက်ရောက်ရန် ရွေးချယ်ထားသောကိုယ်စားလှယ်တို့မှာ တွဲဖက်အတွင်းရေးမှူး နိုင်းချမ်းဘွဲ့၊ ဗဟိုကော်မတီဝင် နိုင်တလိုက်ညီ၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်နိုင်၊ စစ်ရေးချုပ် ဗိုလ်မှူးကြီး လပီအောင်နှင့် ဗိုလ်ကြီးတင်လှတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေးအဖွဲ့ (၂) ဖွဲ့စလုံးမှ ယခုကျင်းပမည့်ညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ်ခေါင်းဆောင်များ တက်ရောက်နိုင်ရန် ဆန္ဒရှိကြသော်လည်း ၎င်းတို့အနေဖြင့် ညီလာခံတက်ရေးမတက်ရေးမှာ ၎င်းတို့ဆုံးဖြတ်ချက်သာဖြစ်သည်ဟု ပြောဆိုခဲ့သည်။

❖

# နအဖတို့ ခေတ်သစ် နာဇီဝါဒ ကျင့်သုံး ဗြိတိသျှ အမတ်တို့ ထုတ်ဖော်ပြောကြား

ဧပြီလ(၂၇)ရက်နေ့က ဗြိတိသျှပါလီမန်ရှိ ပါလီမန်အမတ်အုပ်စုတစုက နအဖ စစ်အုပ်စုသည် ခေတ်သစ်နာဇီဝါဒကို ကျင့်သုံးနေပြီး၊ တိုင်းရင်းသားမျိုးပြုတ်စစ်ဆင်ရေးကို ဆင်နွှဲလျက် လူသတ်မှုနှင့် မုဒိန်းမှုများကို ကျူးလွန်နေသည်ဟု စွပ်စွဲလိုက်ပြောဆိုလိုက်သည်။

ဆိုးဝါးလာနေသော မြန်မာ့နိုင်ငံရေး အခြေအနေများကြောင့် နိုင်ငံကြီးတချို့မှ စိုးရိမ်ပူပန်မှုများ တိုးပွားလာနေကြသည်။ ဧပြီ(၂၇)ရက်နေ့က မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်က ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်ထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်ဆွေးနွေးကာ အလွန်စိုးရိမ်ပူပန်မိကြောင်း အေအက်ဖ်ပီသတင်းများအရ သိရှိရသည်။

# လွတ်ရက်စေ့နိုင်ငံရေးအကျဉ်းသား ပုဂံသန်းနိုင် မော်လမြိုင်ထောင်တွင်းကျန်းမာရေး အခြေအနေ ဆိုးရွား

**ဧပြီ၊(၄)ရက်။ [ဒီဗွီဘီ]**

လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ယနေ့အထိ မော်လမြိုင်ထောင်၌ အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသား ပုဂံသန်းနိုင်၏ ထောင်းတွင်းကျန်းမာရေး အခြေအနေ မှာအလွန်အမင်း ဆိုးရွားနေကြောင်း သိရှိရသည်။ ၎င်းသည် ၁၉၇၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ မြေအောက်လှုပ်ရှားမှုဖြင့် ပုဒ်မ ၁၀(က)နှင့် ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခံခဲ့ရသူ ဖြစ်သည်။

ပုဂံသန်းနိုင်နှင့် အမှုတွဲတူဖမ်းဆီးခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ ကိုနေဝင်းက ၁၉၇၉ ခု၊ ဇူလိုင်လ (၁၂)ရက်နေ့က တနေ့တည်း၌ပင် ၎င်းနှင့်အတူ ကိုသန်းနိုင်၊ ဦးအောင်ခင်၊ ဒေါက်တာဇော်မင်းတို့ အတူဖမ်းဆီးခံခဲ့ရပြီး ကိုသန်းနိုင်မှာ ရေကြည်အိုင်တွင် (၁)လ နှိပ်စက်ခံခဲ့ရကာ အင်းစိန်ထောင်သို့ အပို့ခံခဲ့ရသည်ဟု ဆိုသည်။ ထိုမှတဆင့် ထောင်ပြောင်းရွှေ့ခဲ့ရာ တောင်ငူသို့ ရောက်ပြီး ယခုမော်လမြိုင်ထောင်၌ အကျဉ်းကျခံနေရဆဲဖြစ်ကြောင်း ပြန်လည်ပြောပြခဲ့သည်။



ပုဂံသန်းနိုင်

ထောင်တွင်း နောက်ဆုံး ကျန်းမာရေး အခြေအနေနှင့်ပတ်သက်ပြီး ကိုနေဝင်းက ပြောဆိုရာ၌ ထောင်ဝင်ကာစ ကိုသန်းနိုင်သည် ကျန်းမာတောင့်တင်းသော်လည်း ယခုတွင် သေးကွေးပိန်လှီကာ တငေးငေးတငိုင်ငိုင်ဖြစ်နေသည်ဟု ဆိုသည်။ ဦးနှောက်တွင်လည်း ထိခိုက်ဒဏ်ရာရထားပြီး စိတ်ခတ်ကျ၊ စိတ်ထိခိုက်မှုများကြောင့် ကျန်းမာရေးအခြေအနေ စိုးရိမ်ဖွယ်ရှိသည်ဟု ဆိုသည်။

ပုဂံသန်းနိုင်သည် ၁၉၈၉ ခု နိုဝင်ဘာလပိုင်းက လွတ်ရက်စေ့သော်လည်း ယခု ၂၀၀၄ ခုနှစ်တိုင် ပုဒ်မ ၁၀(က)ဖြင့် ဆက်လက်အကျဉ်းကျ ခံနေရပြီး ၎င်းနှင့်အတူ နိုင်ငံရေးအကျဉ်းသားများဖြစ်သော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဇော်မင်း၊ ကိုဌေးကြွယ်၊ ကိုခင်မောင်ဦးတို့လည်း အကျဉ်းကျခံနေရဆဲဖြစ်ကြောင်း သိရသည်။ ❖

# ဒီမိုကရေစီသူရဲကောင်းများ

## အလွှမ်းကဗျာ အလွှမ်းစာ (၁)

ခါးကြီး– ရန်ကြီးအောင်
ကိုစိန်ဝင်း (သုံးခွ)

၂၀၀၃ ခုနှစ်က နှုတ်ဆက်ထွက်ခွာသွားခဲ့ပါပြီ။ ၂၀၀၄ ခုနှစ် စတာနဲ့ အတိတ်ဖြစ်စဉ်တွေ၊ သတိရစရာတွေက တန်းစီနေကြပါတယ်။ မေ့မရတဲ့အဖြစ်တွေ၊ မေ့မရတဲ့သူ၊ မမေ့ကောင်းတဲ့ သူတို့ရဲ့ ဖြစ်ရပ်တွေပါပဲ။

စာရေးဆရာကြီး ဒဂုန်တာရာက 'သမိုင်းဆိုသည်က သူ့နေရာရောက်သောအခါ ရနံ့များ မွှေးပျံ့လာတတ်သည်။ သမိုင်း၏ ရနံ့ဆိုသည်က တော်တော်နှင့်မပြယ်'လို့ ရေးခဲ့တယ်။ မှန်ပါတယ်။ ကျနော်ဟာ လွန်ခဲ့တဲ့ ၁၃ နှစ်က ဖြစ်စဉ်တွေကို သတိရနေမိတာဖြစ်ပါတယ်။ ဒါပေမယ့် မွှေးပျံ့ထုံသင်း ချိုမြတဲ့ ရနံ့တွေတော့ မဟုတ်ပါ။ ခါးသီးနာကျည်းဖို့ ကောင်းတဲ့ ဖြစ်စဉ်များသာပါ။ သို့ပေမယ့် ဂုဏ်သိက္ခာရှိတဲ့ ချီးကျူးလေးစားဖို့ ကောင်းတဲ့ ဖြစ်ရပ်မှန်တွေပဲ ဖြစ်ပါတယ်။ မြန်မာ့သမိုင်းဇာတ်ခုံကြီးပေါ်မှာ လွမ်းမောရင်နင့်ဖွယ် ဇာတ်ကွက်တကွက်စီကို ရဲရင့်ပီပြင်စွာ အသက်ပေး သရုပ်ဆောင်ကပြသွားကြသူတွေကတော့ မေ့ရက်စရာမရှိသူများသာဖြစ်တယ်။

> စစ်အစိုးရရဲ့ အကျဉ်းထောင်ထဲမှာ တနှစ်ထဲ၊ တလထဲ၊ ၁၀ ရက်ပဲခြားပြီး ကွယ်လွန်သွားသူ ၂ ဦး ရှိပါတယ်။ ကိုစိန်ဝင်း (သုံးခွ)နဲ့ ကိုတင်မောင်ဝင်း(ခရမ်း)ဖြစ်ပါတယ်။ ခရမ်းနဲ့ သုံးခွဆိုတာ နယ်မြေတဆက်ထဲပါ။ သူတို့နှစ်ဦးကလည်း သူငယ်ချင်း ရဲဘော်ရဲဘက်တွေပါ။ တိုက်ဆိုင်လွန်းတာက နာမည်ရဲ့ အဖျားလုံးမှာ 'ဝင်း'ကိုယ်စီပါကြတယ်။ အကျိုးပေးကံတူတဲ့ သူငယ်ချင်းနှစ်ယောက်ပါ။

ဒီမိုကရေစီလှုပ်ရှားမှုသမိုင်းမှာ အမှတ်တရဖြစ်နေရမယ့်သူများဟာ 'နောင်လာနောက်သား၊ ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုးလုံးလုံးမပါ'ဆိုတဲ့ တို့ဗမာသခင်ဆောင်ပုဒ်ကို နှလုံးသွင်း ရင်ဝယ်ပိုက်ထားကြသူများသာဖြစ်တယ်။ သူတို့ဟာ ကျနော့်ရဲ့ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ရဲဘော်များဖြစ်လို့ အမှတ်ရတာထက် သူတို့ရဲ့ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှု၊ ဒီမိုကရေစီကို ချစ်မြတ်နိုးမှု၊ လွတ်လပ်ရေးနဲ့ တရားမျှတမှုကို လိုလားမှု၊ အမှန်တရားဖက်မှာ ရပ်တည်မှု၊ ငြိမ်းချမ်းရေးအတွက် ဆန္ဒပြင်းပြမှု၊ ဇွဲနဘဲကြီးမှု စတဲ့ သူတို့ရဲ့မွန်မြတ်တဲ့ဆန္ဒတွေ၊ ရပ်တည်ချက်တွေကြောင့် သူတို့ကို မမေ့နိုင်တာ ဖြစ်တယ်။

နှစ်တနှစ်ရဲ့ လတိုင်းလိုလိုမှာ သူတို့ရဲ့ သမိုင်းမှတ်တိုင်တွေက အစီအရီ ရှိနေကြတယ်။ သူတို့ရဲ့သမိုင်းကို သူတို့ကိုယ်တိုင် ထုဆစ်မှတ်တိုင်စိုက်ထူသွားခဲ့ကြတာဖြစ်တယ်။ ၂၀၀၄ ခုနှစ်ရဲ့ ပထမလဖြစ်တဲ့ ဇန်နဝါရီလဟာ မြန်မာပြည်ရဲ့ လွတ်လပ်ရေးလဖြစ်တယ်။ ၅၆ နှစ်မြောက် လွတ်လပ်ရေးဖြစ်တယ်။ ဒါပေမယ့် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးရဲ့ ပြည့်ဝတဲ့အနှစ်သာရကို မခံစားခဲ့ရပါဘူး။ ဒုတိယလွတ်လပ်ရေးလို့ ပြောရမယ့် ဒီမိုကရေစီကို အာသာငမ်းငမ်း လိုလားတောင့်တာ တိုက်ပွဲဝင်နေကြရတယ်။ လွတ်လပ်ရေးနဲ့ အပြိုင်ဖြစ်တဲ့ ပြည်တွင်းစစ်ဟာလည်း ၅၆ နှစ် ပြည့်ပါတော့မယ်။ ပြည်သူတွေရဲ့ ပြည်တွင်းငြိမ်းချမ်းရေး အလိုဆန္ဒဟာလည်း အလျှိုညီးညီး ဖြစ်နေပါတယ်။

၂၀၀၄ ခုနှစ်ဦးရဲ့အစမှာ တန်းစီနေကြတဲ့ ကိုယ်ကျိုးစွန့်လွှတ်သူများအကြောင်းကို ကျနော်သိသမျှ ရေးရပါအုံးမယ်။ အလွမ်းပန်း ဝေရပါအုံးမယ်။ ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ သူတို့ရဲ့အသက်ခန္ဓာတွေကို ပြည်သူတွေအတွက် ပေးဆပ်သွားခဲ့ကြပါပြီ။ သူတို့ယုံကြည်ချက်အတွက် အသက်တွေနဲ့ စတေးသွားခဲ့ကြပါပြီ။

သူတို့ မရှိကြတော့ဘူး၊ ကွယ်လွန်သွားခဲ့ကြပါပြီ။ ဒါပေမယ့် သူတို့ဟာ သေလျက်နဲ့ ရှင်သန်နေကြသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အမည်တွေဟာ 'ဒီမိုကရေစီတိုက်ပွဲသမိုင်း'မှာ မသေဆုံးဘဲ အမြဲရှင်သန်ကျန်ရစ်နေပါလိမ့်မယ်။ ဒီမိုကရေစီသူရဲကောင်းတွေအဖြစ်နဲ့ ပြည်သူတွေက အသိအမှတ်ပြု သတိရ လွမ်းဆွတ်နေကြပါလိမ့်မယ်။ သူတို့ဟာ စစ်အစိုးရ 'နအဖ'ရဲ့ အကျဉ်းထောင်တွေထဲမှာ စစ်ကြောရေးစခန်းတွေထဲမှာ ပုံစံအမျိုးမျိုးနဲ့ ကွယ်လွန်သွားကြရတာပါ။ လွတ်လပ်စွာ သေဆုံးခွင့်တောင် ရမသွားရှာကြပါဘူး။

စစ်အစိုးရရဲ့အကျဉ်းထောင်ထဲမှာ တနှစ်ထဲ၊ တလထဲ၊ ၁၀ ရက်ပဲခြားပြီး ကွယ်လွန်သွားသူ ၂ ဦး ရှိပါတယ်။ ကိုစိန်ဝင်း (သုံးခွ) နဲ့ ကိုတင်မောင်ဝင်း (ခရမ်း) ဖြစ်ပါတယ်။ ခရမ်းနဲ့ သုံးခွဆိုတာ နယ်မြေတဆက်ထဲပါ။ သူတို့နှစ်ဦးကလည်း သူငယ်ချင်း ရဲဘော်ရဲဘက်တွေပါ။ တိုက်ဆိုင်လွန်းတာက နာမည်ရဲ့ အဖျားလုံးမှာ 'ဝင်း'ကိုယ်စီပါကြတယ်။ အကျိုးပေးကံတူတဲ့ သူငယ်ချင်းနှစ်ယောက်ပါ။

၈–၁–၁၉၉၁ နေ့မှာ ကိုစိန်ဝင်း ဆုံးသွားခဲ့တယ်။ ၁၈–၁–၁၉၉၁ နေ့မှာတော့ ကိုတင်မောင်ဝင်း ဆုံးပါတယ်။ ဖြေလည်းပြေပါနိုင်ဖြစ်ရပ်ပါပဲ။ တလအတွင်းမှာ ၂ ယောက်တောင် သေတယ်ဆိုတော့ 'တဆိတ်လွန်လွန်းတာပေါ့ စစ်အစိုးရရယ်'လို့ပဲ ပြောရမလား။ တကယ်တော့ သူတို့ရဲ့သေဆုံးခြင်းဟာ ဂုဏ်ရောင်ပြောင်တဲ့ သေဆုံးခြင်းဖြစ်ပါတယ်။ 'ထိုက်'တောင်ထက်လေးတဲ့ သေဆုံးခြင်း ဖြစ်ပါတယ်။

'၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး'နဲ့ ပတ်သက်ပြီး ကိုစိန်ဝင်း အဖမ်းခံရပြီး ဘားလမ်းမှာ ရုံးထုတ်နေတယ်ကြားလို့ သွားပြီး တွေ့ခဲ့ပါတယ်။ ဘားလမ်းရုံးကြီးနဲ့ ဒုတိယထပ်ရုံးခန်းတခုရဲ့စင်္ကြန်ကြမ်းပြင်ပေါ်မှာ အကျအနထိုင်နေတဲ့ ကိုစိန်ဝင်းကိုတွေ့တော့ အတော်စိတ်မကောင်းဖြစ်မိပါတယ်။ ကိုစိန်ဝင်းကတော့ ထုံးစံအတိုင်း ပြုံးလို့ပါပဲ၊ အဖြူဝမ်းဆက်ဝတ်လို့၊ လက်ကောက်နဲ့ သံခြေကျဉ်းနဲ့၊ အကျဉ်းသားတယောက်ရဲ့ ချပ်ဝပ်တန်ဆာအပြည့်နဲ့ပါ။ ခန့်ညားနေလိုက်တာ။ ဒါ .... ကျောင်းသားခေါင်းဆောင်တယောက်၊ နိုင်ငံရေးသမားတယောက်ရဲ့ပုံစံလေ။ စစ်အာဏာရှင် အုပ်စိုးမှုအောက်မှာ ဒီပုံစံချည်းပါပဲ။

'ကိုစိန်ဝင်း၊ နေကောင်းရဲ့လား၊ ကျန်းမာရေးတော့ ဂရုစိုက်ပါ။ ဘာတွေလိုသေးလဲ' လို့မေးလိုက်တော့ 'ဘာမှမလိုပါဘူးဗျာ။ တွေ့ရတာ ဝမ်းသာတယ်ဗျို့။ ကျနော်တော့ ရုံးထွက်တုန်း ကျွေးတာ အကုန်စားတာပဲဗျို့'လို့ ပြန်ဖြေပါတယ်။ ကိုစိန်ဝင်းရဲ့ ဟန်ပန်လေသံက ကျောင်းတုန်းကအတိုင်းပါပဲ၊ သွက်လက်တက်ကြွနေဆဲပါ။ ဘာမှမပြောင်းလဲပါဘူး။

ခြေကျင်းတန်းလန်း၊ လက်ထိပ်တန်းလန်းနဲ့ မလွတ်မလပ် စားသောက်နေတဲ့ ကိုစိန်ဝင်းကို မြင်ရတာ စိတ်မချမ်းသာစရာ ကောင်းပါတယ်။ အော် .... သူ့ခမြာ ထောင်ထဲမှာ နေ့စဉ် ခုတ်စဉ်းထားတဲ့ ဟင်းနုနွယ် အရိုးရင့်ရင့် ရေလုံပြုတ်၊ ဆန်ကြမ်းထမင်းနဲ့ မသေရုံစားနေရတာပါလားဆိုတဲ့အသိက ရင်ထဲမှာ နင့်နေအောင် ခံစားရပါတယ်။ ကိုစိန်ဝင်းက

**ညံ့ဇံ**

ရန်ကုန်တိုင်း သုံးခွမြို့နယ် ရန်ကြီးအောင်ရွာဇာတိဖြစ်ပါတယ်။ ဒါ့ကြောင့် ရင်းနှီးသူတွေက 'ရန်ကြီးအောင်'လို့ ဘွဲ့တပ်ခေါ်ကြပါတယ်။

အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်း၊ ခါးလျားရှည်ရှည်နဲ့ ယောကျ်ားပီသတဲ့ ဥပဓိရုပ်ရှိသူတယောက် ဖြစ်ပါတယ်။ မြင်ရသူတွေအားရှိတက်ကြွစေတဲ့ ရုပ်ရည်မျိုးပါ။ ဖော်ရွေခင်မင်တတ်ပြီး အပြောအဟောလည်း ကောင်းသူပါ။ ကျောင်းဆရာ လုပ်ဖူးသူဖြစ်လို့ တပည့်တပန်း ပေါပါတယ်။ တပည့်တွေချစ်တဲ့ဆရာတယောက်ပါ။ နောက်ဆုံးအချိန်အထိ ကျူရှင်ဆရာဘဝနဲ့ အသက်မွေး ရပ်တည်သွားပါတယ်။ သူ့နယ်မှာ ဩဇာရှိပြီး လူချစ်လူခင်ပေါသူပါ။ ဒါကြောင့်ပဲ အရေးအခင်းကာလမှာ သပိတ်ခေါင်းဆောင်ဖြစ်ပြီး ဒေသခံ ရဲစခန်းဝန်ထမ်းတွေက လက်နက်တွေ သူ့ဆီ လာပုံအပ်ကြပါတယ်။ အဲဒီအမှုနဲ့ သူ အဖမ်းခံရတာပါ။

ကိုစိန်ဝင်းကို ရုံးသာ တချိန်းပြီး တချိန်းထုတ်ပေမယ့် အမှုကို မစစ်ရဲသေးဘူး။ အာဏာပိုင်တွေက အမှုမှန်ကို ရင်မဆိုင်ရဲကြဘူး။ တရားရုံးမှာ သူက အဖြစ်မှန်တွေကို ရဲရင့်ပြောင်မြောက်စွာ ဖော်ထုတ်ဖွင့်ချမှာ ဖြစ်လို့ပါပဲ။ ကိုစိန်ဝင်းဆီကို အာဏာပိုင်တွေကိုယ်တိုင် လက်နက်တွေ လာအပ်ခဲ့ကြတာ၊ အခု သူတို့ကိုယ်တိုင် တရားလိုတွေ၊ သက်သေတွေ ဖြစ်နေပြန်ပြီ။ လက်နက်တွေ သိမ်းယူလုယက်သွားမှုနဲ့ တရားစွဲကြပြန်ပြီ။ သူတို့က တရားရုံးကို မလာရဲကြဘူး။ ကိုစိန်ဝင်းနဲ့ မျက်နှာချင်းဆိုင်ပြီး မဖြေရှင်းရဲကြဘူး။ ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ဝံ့တဲ့အဖြစ်မျိုးပေါ့။ ကိုစိန်ဝင်းကတော့ စွဲချက်တင်ရဲရင် တင်ကြလေ၊ တရားရုံးမှာ ဟားတိုက်ရယ်ပစ်လိုက်မယ်လို့ ကြိမ်းထားလေရဲ့။ အမှုကတော့ ဒါပါပဲ။

အဲဒီတွေ့ဆုံခြင်းဟာ ကိုစိန်ဝင်းကို အသက်ရှင်လျှက် နောက်ဆုံးတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ နောက် ရုံးချိန်းမှာ ကိုစိန်ဝင်း ထွက်မလာနိုင်တော့ပါဘူး။ အင်းစိန်အကျဉ်းထောင်ဘူးဝမှာ လူနာတင်ထမ်းစင်နဲ့ပဲ ကိုစိန်ဝင်းကို ထုတ်လာပါတော့တယ်။ အင်းစိန်ဆေးရုံ ရောက်သွားပြီး ခွဲစိတ်ကြပါတယ်။ ထောင်ထဲမှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ ပတ်ဝန်းကျင် ညစ်ညမ်းမသန့်ရှင်းမှုတွေက ရောဂါပေါင်းစုံပိုးမွှားများကို မွေးဖွားပေးနေကြတာပါ။ အဲဒီဒဏ်တွေကြောင့် ကိုစိန်ဝင်းရဲ့ အူမကြီးနဲ့ အသည်းဟာ မကောင်းတော့ပါဘူး။ ရေတိမ်နစ်ရရှာတာပါ။ ဆေးဝါးကောင်းနဲ့ အချိန်မီ ကာကွယ်ကုသမှု မခံရတဲ့အတွက် သေဆုံးရတာပါ။ အစာရေစာမဝင်၊ ဝမ်းဗိုက်ဖောင်းလာမှ ရောဂါကျွမ်းမှ ဆေးရုံတင်ပေးတော့ သံထဲရေသွန်သလိုပါပဲ။

ခွဲစိပ်ဖို့ ဆရာဝန်က သံခြေကျဉ်း ဖြုတ်ပေးဖို့ မေတ္တာရပ်ခံတာ ခွင့်မပြုခဲ့ဘူး။ ခြေကျဉ်းတန်းလန်းနဲ့ ခွဲစိပ်ခံခဲ့ရရှာတာပါ။ ဝေဒနာခံစားနေရတဲ့ ကိုစိန်ဝင်းဟာ တချက်မှ မညည်းဘဲ စိတ်ဓာတ်ခိုင်မာစွာနဲ့ သူ့မိသားစုကို သူ့အတွက် မစိုးရိမ်ဖို့ အားပေးစကား ပြောကြားရင်း ခွဲစိပ်ခန်းထဲ ဝင်သွားခဲ့ပါတယ်။ တချက်မှ အပြုံးမပျက်ခဲ့ဘူး။ ခွဲစိပ်မှု မအောင်မြင်ခဲ့ပါဘူး။ ည ၈ နာရီလောက်မှာ ကိုစိန်ဝင်း ကွယ်လွန်သွားခဲ့ပါတယ်။ အသည်းရောဂါဆိုတဲ့တံဆိပ်ကို တပ်လိုက်ကြပါတယ်။ ကြံတောသင်္ချိုင်း အအေးတိုက်ထဲကို အလောင်းရောက်ပြီးမှ ခြေထောက်က သံခြေကျဉ်းကို ဖြုတ်ပေးကြပါတယ်။

အာဏာပိုင်များက ကိုစိန်ဝင်းရဲ့ ဆေးမျိုးတွေကို ခံဝန်ချက်အမျိုးမျိုး၊ သတိပေးချက်အမျိုးမျိုး၊ တားမြစ်ချက်အမျိုးမျိုး ပေးခဲ့ကြပါတယ်။ ရောဂါတွေနှိပ်စက်လို့ မလှုပ်ရှားနိုင်တော့တဲ့လူနာနဲ့ အသက်ဇီဝိန်ငြိမ်းချုပ်သွားပြီဖြစ်တဲ့ လူသေအလောင်းကောင်ကိုတောင်မှ အာဏာပိုင်ဆိုသူများက ကြောက်လန့်နေကြပါလား။

အကျဉ်းရုံး သင်္ဂြိုဟ်ဖို့ ဖိအားတွေ ပေးခဲ့ကြတယ်။ ဈာပနကို အကျဉ်းရုံးကျင်းပရလို့ လူတွေ သိပ်မသိကြပါဘူး။ သိသူတချို့ကတော့ ဘာပဲရင်ဆိုင်ရဆိုပြီး အရောက်လာကြပါတယ်။ သူ့ကို ချစ်ခင်လေးစားကြတဲ့ တပည့်ကျောင်းသားတွေက အများစုပါ။ ကျောင်းသားတွေက သူတို့ဆရာကို စီတန်းအလေးပြုကြပါတယ်။ တပည့်များရဲ့ ငိုရှိုက်သံတွေ၊ မျက်ရည်တွေ၊ ကြေကွဲဝမ်းနည်းမှုတွေက ထိခိုက်စရာ ကောင်းလှပါတယ်။

ကြံတောသင်္ချိုင်းရဲ့ မထင်ရှားလှတဲ့ အခန်းငယ်လေးတခုထဲမှာ ဈာပနအခမ်းအနားကို မဝံ့မရဲပြင်ထားကြတာပါ။ ရှပ်အင်္ကျီအဖြူ၊ တိုက်ပုံ၊ ပုဆိုးကွက်ကျဲကို ဝတ်ဆင်ထားတဲ့ ကိုစိန်ဝင်းဟာ မထသောအိပ်ခြင်းနဲ့ လဲလျောင်းနေပါတယ်။ အရင်က နှုတ်သွက်တဲ့သူဟာ ခုတော့ နှုတ်လည်းပိတ်၊ စကားသံလည်းတိတ်၊ မျက်စေ့လည်း မှိတ်ထားရှာပြီ။ သူ့ရင်ဘတ်ပေါ်ကို နှင်းဆီအနီ ရဲရဲတစည်း တင်ပေးလိုက်ပါတယ်။

> ရှပ် အင်္ကျီအဖြူ၊ တိုက်ပုံ၊ ပုဆိုးကွက်ကျဲကို ဝတ် ဆင်ထားတဲ့ ကိုစိန်ဝင်းဟာ မထသောအိပ် ခြင်းနဲ့ လဲလျောင်းနေပါတယ်။ အရင်က နှုတ်သွက်တဲ့သူဟာ ခုတော့ နှုတ်လည်းပိတ်၊ စကားသံလည်းတိတ်၊ မျက်စေ့လည်း မှိတ် ထားရှာပြီ။ သူ့ရင်ဘတ်ပေါ်ကို နှင်းဆီအနီ ရဲရဲတစည်း တင်ပေးလိုက်ပါတယ်။

ဒါဟာ နောက်ဆုံးနှုတ်ဆက်ခြင်း၊ နောက်ဆုံးဂုဏ်ပြုခြင်းလား၊ မဟုတ်ပါဘူး။ ကျနော် အသက်ရှင်နေသရွေ့ ဆက်လက်ဂုဏ်ပြုသွားမှာပါ။ သူ့မျက်နှာကို နောက်ဆုံးကြည့်တဲ့အနေနဲ့ အကြာကြီး စိုက်ကြည့်နေမိတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အတိတ်နေ့ရက်များ၊ ကိုစိန်ဝင်းရဲ့ လှုပ်ရှားပုံရိပ်များ ....

ကိုစိန်ဝင်းဟာ ၁၉၅၉– ၆၀ ခုနှစ် 'တကသ' အမှုဆောင်ဖြစ်ခဲ့တယ်။ 'တကသ' ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားခေါင်းဆောင်ဘဝမှာ သူ့ရဲ့ ဦးဆောင်မှုတွေ၊ တိုက်ပွဲဝင်လှုပ်ရှားမှုတွေက အများကြီးပါပဲ။ သူက တက်ကြွတယ်၊ ရဲရင့်တယ်၊ ပြတ်သားတယ်၊ လက်တွေ့သမားတဦးဖြစ်တယ်။ အရပ်ရှည်သလို စိတ်လည်း ရှည်ပါတယ်။ ၁၉၆၁ မှာ ပြုလုပ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု ဆန္ဒပြပွဲမှာ 'ပထစ' အစိုးရ ပုလိပ်တွေရဲ့ ဒုတ်ရိုက်ချက်ခံခဲ့ရတဲ့ ကိုစိန်ဝင်းဟာ ခါးမှာ ထိခိုက်ခဲ့ပါတယ်။ ခါးမသန်သူဘဝ ရောက်ခဲ့ရပါတယ်။ 'ခါးကြီး' ဆိုတဲ့ဘွဲ့ကို ထပ်မံရရှိခဲ့ပါတယ်။

၁၉၆၂ ခုနှစ် ၇ ရက်ဇူလိုင် ကျောင်း

စာမျက်နှာ(၁၄)၊ကော်လံ(၄)သို့ ❍

# နိုင်ငံတကာ

## ဆိုက်ပရပ် ငြိမ်းချမ်းရေးစီမံကိန်း စတင်မဲပေး



ဆိုက်ပရပ်ပြန်လည်ပေါင်းစည်းရေးအစည်းအဝေး

**[ဘီဘီစီ]**

နှစ်ပေါင်း(၃၀)ကြာ အကွဲအပြဲအား အဆုံးသတ်ရန် အဆိုပြုသည့် ကုလသမဂ္ဂ စီမံကိန်းအပေါ် ၎င်းတို့၏ခေါင်းဆောင်များက သဘောတူညီခြင်းမရှိခဲ့လျှင် ဆိုက်ပရပ်ရှိ နှစ်ခြမ်းကွဲနေသောအုပ်စုများက တိုင်းပြည်၏ အနာဂတ်ကံကြမ္မာနှင့်ပတ်သက်၍ ၎င်းတို့ ကိုယ်တိုင် ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့် ဂရိ၊ တူရကီနှင့် ဆိုက်ပရပ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က ပြောဆိုခဲ့သည်။

ထိုဆွေးနွေးပွဲ၌ တင်ပြခဲ့သည့် ကုလသမဂ္ဂ၏ စီမံကိန်းကို ဧပြီ(၂၄)ရက်နေ့၌ နှစ်ဖက်စလုံးတွင် လက်ခံ၊ မခံကို ဆန္ဒခံယူပွဲ ပြုလုပ်ရကြရမည်ဖြစ်ပြီး နှစ်ဖက်စလုံးမှ သဘောမတူပါက မေ(၁)ရက်နေ့ ဆိုက်ပရပ်နိုင်ငံ ပူးပေါင်းသောအခါ ဥရောပသမဂ္ဂအဖွဲ့ဝင်ဖြစ်မှုသည် လက်တွေ့တွင် ဂရိဘက်ခြမ်းတွင်သာ သက်ဆိုင်လိမ့်မည်ဖြစ်သည်။

ဂရိနွယ်ဖွား ဆိုက်ပရပ်သားများသည် စီမံကိန်းတွင် ပါဝင်သော ပြဋ္ဌာန်းချက်(၂)ခုကို ဆန့်ကျင်ကြသည်။ မြောက်ပိုင်းရှိ ဂရိနွယ်ဖွား ဆိုက်ပရပ်ဒုက္ခသည်များအရေအတွက် လျှော့ချရေးအစီအစဉ်၌ နေအိမ်သို့ပြန်ရန် ခွင့်မပြုခြင်းနှင့် ဆိုက်ပရပ်မြောက်ပိုင်း၌ တူရကီစစ်သားများ ဆက်လက်တည်ရှိနေခြင်းတို့ ဖြစ်သည်။ ဆိုက်ပရပ်နိုင်ငံကို ဂရိနွယ်ဖွား ဆိုက်ပရပ်နိုင်ငံသားများ ထိန်းချုပ်သည့် တောင်ပိုင်းနှင့်၊ ဂရိနှင့် ပေါင်းစည်းရေးအား ထောက်ခံသူများက အာဏာသိမ်းပိုက်ပြီး နောက်ပိုင်း ၁၉၇၄ ခုနှစ်၌ တူရကီတို့ ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစ၍ သိမ်းပိုက်ခံထားရသည့် မြောက်ပိုင်းဟူ၍ နှစ်ပိုင်း ခွဲခြမ်းထားသည်။ ခွဲထွက်သွားသည့် မြောက်ပိုင်းကို တူရကီကသာလျှင် အသိအမှတ်ပြုသည်။

မူလကုလသမဂ္ဂစီမံကိန်းမှာ ပေါင်းစည်းသည့် ဆိုက်ပရပ်နိုင်ငံကို ဆွစ်ဇာလန်ပုံစံ ကန်တွန်နှစ်ခုဖြင့် ဖွဲ့စည်းရေး၊ ဂရိနွယ်ဖွား ဆိုက်ပရပ်နိုင်ငံသားများ ပြန်ခွင့်ရရေးနှင့် အလှည့်ကျ သမတရာထူး ထားရှိရေးတို့ ဖြစ်သည်။ ❖

## ကိုလိုနီဆန့်ကျင်ရေးထိပ်သီးဆွေးနွေးပွဲ ဇင်ဘာဘွေ အိမ်ရှင်အဖြစ်ကျင်းပ



ဇင်ဘာဘွေသမတ ရောဘတ်မူဂါဘီ

**ပြီ၊ (၂၁)ရက်။ [ဘီဘီစီ]**

မြေယာပြုပြင်ပြောင်းလဲရေးနှင့် ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲအား အရှိန်မြှင့်တင်မည့် နည်းလမ်းများ ရှာဖွေရန် ယခင် အာဖရိက ပြောက်ကျားခေါင်းဆောင်များနှင့် လွတ်မြောက်ရေးတိုက်ပွဲဝင်သူများ၏ အစည်းအဝေးကို ဇင်ဘာဘွေနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံခြားစိုးမိုးမှုအောက်မှ လွတ်လပ်လာသည့် ဇင်ဘာဘွေ၏ (၂၄)နှစ်မြောက် လွတ်လပ်ရေးနေ့၌ တိုင်းပြည်၏ အခက်အခဲများသည် အနောက်တိုင်း၏ ကိုလိုနီ ပြန်လည်ပြုလုပ်ရေးမှ အစပြုခဲ့ကြောင်း နိုင်ငံတကာတွင် အထီးကျန်ဖြစ်နေသော်ငြားလည်း ဒေသတွင်း၌ မဟာမိတ်များ ရှိနေဆဲဖြစ်ကြောင်း မူဂါဘီကပြောကြားခဲ့သည်။

အစည်းအဝေးသို့ အင်ဂိုလာ၊ မိုဇမ်ဘစ်၊ ထန်ဇန်နီးယား၊ ဇမ်ဘီယာနှင့် တောင်အာဖရိကရှိ ယခင်လွတ်မြောက်ရေး လှုပ်ရှားမှုကိုယ်စားလှယ်များအား ဖိတ်ကြားခဲ့သည်၊ အစည်းအဝေးအစီအစဉ်တွင် အနောက်တိုင်းနိုင်ငံများရှိ လူမဲလူနည်းစုများ၏ အဆင့်အတန်းနှင့် ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲ ပြန်လည်ရှင်သန်လာရေးနည်းနာများ ပါဝင်သည်၊

၂၀၀၀ ခုနှစ်၊ ဖေဖော်ဝါရီလက လူဖြူများ၏ လယ်ယာမြေများကို သိမ်းယူရန် ဇနူးပီအက်ဖ်ပါတီ ထောက်ခံသူ လယ်သမားများအား သမတမူဂါဘီက အခွင့်အာဏာပေးအပ်ခဲ့ပြီးနောက်ပိုင်းတွင် ထောင်ပေါင်းများစွာသော လူဖြူလယ်သမားများသည် ဇင်ဘာဘွေနိုင်ငံမှ ထွက်ခွာသွားခဲ့ကြသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများအတွက် စိုးရိမ်ထိတ်လန့်လာသည့် နိုင်ငံခြားလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဇင်ဘာဘွေနိုင်ငံမှ ထွက်ခွာသွားခဲ့ကြသည်။ လယ်ယာထွက်ကုန်များမှာလည်း တဟုန်ထိုးကျဆင်းသွားခဲ့သည်။ ❖

## သတင်းတိုထွာ

### ကုလသမဂ္ဂ၏ အီရတ်စီမံကိန်း

ကုလသမဂ္ဂ၏ အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းရေး အဆိုပြုချက်အား ဘုရှ်နှင့် တိုနီဘလဲက ထောက်ခံကြောင်း ပြောဆိုခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးပွားလာနေသော်ငြားလည်း ဇွန်(၃၀)ရက်နေ့ နောက်ဆုံးထား၍ အီရတ်ပြည်သူများအား အာဏာလွှဲပေးရေးစီမံကိန်းမှာ ပြောင်းလဲမည်မဟုတ်ကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့များသည် အစိုးရသစ်အား ကူညီရန် အီရတ်တွင် ဆက်လက်ရှိနေအုံးမည်ဖြစ်ကြောင်း သမတက ထပ်လောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂမှ အဆိုပြုသည့် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်က ဦးဆောင်ပြီး၊ နိုင်ငံတော်အကြီးအကဲအဖြစ် သမတတဦးနှင့် ဒုသမတနှစ်ဦး ထားရှိမည်ဖြစ်သည်။ ထို့ပြင် ဥပဒေပြုခွင့် အာဏာမရှိသည့် အတိုင်ပင်ခံလွှတ်တော်တခု ဖွဲ့စည်းရန် ညီလာခံတခု ခေါ်ဆိုရမည်။ ❖

### သီရိလင်္ကာ

[FEER]

တမီလ်ကျားအဖွဲ့မှ ဗိုလ်မှူးကြီး ကရုနာ ဦးဆောင်သည့် တိုက်ခိုက်ရေးအင်အား (၆၀၀၀)ခန့်ရှိသည့် ခွဲထွက်အုပ်စုသည် ပင်မသူပုန်အဖွဲ့၏ လျှပ်တပြက်တိုက်ခိုက်မှုကြောင့် ကစဥ့်ကလျားဖြစ်သွားကြပြီး ဗိုလ်မှူးကြီး ကရုနာကိုယ်တိုင် လောလောဆယ်တွင် ရှောင်ပြေးနေရပုံပေါ်သည်။ ဤတိုက်ခိုက်မှုသည် ကိုလမ်ဘိုအစိုးရနှင့် တမီလ်ကျားများအကြား (၂)နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို ခြိမ်းခြောက်နေသည်။ ကြားဝင်ဖြန်ဖြေပေးသည့် နော်ဝေငြိမ်းချမ်းရေး အကျိုးဆောင်များအား ဆွေးနွေးပွဲပြန်စရေးကို တရားဝင်တောင်းဆိုရန် တမီလ်အီလမ်လွတ်မြောက်ရေးကျားများက မျှော်လင့်နေကြသည်။ ဆွေးနွေးပွဲသည် ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအဆိုပြုချက်ကို အခြေခံရမည်ဟု ကျားသူပုန်များက တောင်းဆိုခဲ့သည်။ ❖

### နီပေါ

**[အေအက်ဖ်ပီ]**

ဘုရင်ဂျာနန်ဒရာအား ဆန့်ကျင်ဆန္ဒပြပြီး ဟိမဝန္တာဘုရင့်နိုင်ငံ၌ ဒီမိုကရေစီ ပြန်လည်ထွန်းကားရေး တောင်းဆိုသည့် ဆန္ဒပြသူ(၃၀၀)ကျော်အား မြို့တော်ရဲများက (၂၆) ရက်နေ့က ဖမ်းဆီးခဲ့သည်။ ပြည်သူလူထု (၁၀၀၀၀)ခန့်သည် ၂၀၀၂ ခုနှစ် အောက်တိုဘာလက ရွေးကောက်ခံအစိုးရအား ထုတ်ပယ်ပစ်သည့်အတွက် ဘုရင်အား ပြစ်တင်ရှုတ်ချသည့်ကြွေးကြော်သံများ ဟစ်အော်ကာ ခတ္တမန်ဒူမြို့လယ်သို့ ချီတက်ခဲ့ကြသည်၊ ဆန္ဒပြသူများက ၂၀၀၂ ပါလီမန်အား ပယ်ဖျက်ပြီးနောက် ဘုရင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အား ဖယ်ရှားပေးရန်နှင့် လူထုက ရွေးကောက်တင်မြှောက်ထားသည့် အစိုးရ ပြန်လည်ဖွဲ့စည်းရန် ဘုရင်အား တောင်းဆိုနေကြသည်။ ❖

### မြောက်ကိုရီးယား ရထားတိုက်မှု

**[ဘီဘီစီ]**

ဧပြီ(၂၂)ရက်နေ့က တရုတ်နယ်စပ်မှ (၂၀)ကီလိုမီတာ ကွာဝေးသော မြောက်ကိုရီးယားဘက်ရှိ ရုံချွန်မြို့ဘူတာရုံ၌ လောင်စာဆီ သယ်ဆောင်လာသော ရထား(၂)စီး တိုက်မိပြီး ပြင်းထန်စွာပေါက်ကွဲခဲ့ရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့၏ အဆိုအရ (၅၄)ဦး သေဆုံးပြီး (၁၂၀၀)ကျော် ဒဏ်ရာရကာ လူနေအိမ် (၁၈၅၀)လုံးနှင့် အများပြည်သူနေထိုင်သည့် အဆောက်အဦး(၁၂)လုံးမှာ လုံးဝပျက်စီးသွားခဲ့ပြီး အခြားအိမ်(၆၀၀၀)ကျော်လည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့် ဒေသပတ်ဝန်းကျင်၌ အရေးအပေါ်အခြေအနေ ကြေညာထားသည်။ ❖

### ဘင်္ဂလားဒက်ရှ်

**[အေအက်ဖ်ပီ]**

ဝန်ကြီးချုပ် ခါလီဒါဇီရာ နုတ်ထွက်ပေးရန် တောင်းဆိုထားသည့်အတိုက်အခံများ၏ ရာဇသံ နောက်ဆုံးရက်မတိုင်မီ (၄)ရက်၌ ရဲများက မြို့တော်တွင်းသို့ ဝင်ရောက်ပြီး ဘူတာရုံများ၊ ကားဆိပ်နှင့် မော်တော်ဆိပ်များတွင် ပြည်သူအများအပြားကို ဖမ်းဆီးခဲ့သည်။ ဝန်ကြီးချုပ်ခါလီဒါက နုတ်ထွက်ရေးတောင်းဆိုချက်ကို ပယ်ချလိုက်သည်။ ငြိမ်ဝပ်ပိပြားမှုအခြေအနေများ မကောင်းခြင်းမှာ ယခင် အဝါမိအဖွဲ့ချုပ်အစိုးရ၏ အမွေများသာဖြစ်ကြောင်း ပါလီမန်အတွင်း အမတ်နေရာ သုံးပုံနှစ်ပုံ နေရာရထားသည့် အာဏာရ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ❖

### စပိန်စစ်သားများ ရုပ်သိမ်းရေး



စပိန်ဝန်ကြီးချုပ်သစ် ဇာပါတာရို

အီရတ်မှ စပိန်စစ်သားများ အမြန်ရုပ်သိမ်းရန် မတ်လ(၁၄)ရက်နေ့ အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် စပိန်ဝန်ကြီးချုပ်သစ် ဇာပါတာရိုမှ (၁၈)ရက်နေ့က အမိန့်ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂက စစ်ရေး၊ နိုင်ငံရေးအရ ထိန်းချုပ်နိုင်ခြင်း မရှိခဲ့လျှင် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကုန်ဆုံးသည့် ဇွန်(၃၀)ရက်နေ့ နောက်ဆုံးထား၍ အီရတ်ရှိ စစ်သည်(၁၃၀၀)အား ပြန်လည်ခေါ်ယူရန် အာမခံခဲ့သည်။ နောက်ဆုံးမဲပေးပွဲ၌ စပိန်နိုင်ငံသား (၇၂)%က စစ်သားများ ပြန်လည်ဆုတ်ခွာရန် ဖော်ပြခဲ့ကြသည်။ စပိန်အစိုးရအနေဖြင့် အီရတ်တည်ငြိမ်ရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့ကို ဆက်လက်ကူညီထောက်ပံ့သွားမည်။ ထို့ပြင် ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့၏ အီရတ်နိုင်ငံ ပြန်လည်နာလန်ထူရေး ကြိုးပမ်းမှုများကိုလည်း ကူညီသွားမည်ဖြစ်သည်။ ❖

### အင်ဒိုနီးရှား

[FEER]

ဧပြီ(၅)ရက်နေ့ အထွေထွေရွေးကောက်ပွဲတွင် စုစုပေါင်းမဲ၏ (၇)%ကျော်ဖြင့် တရားမျှတရေးနှင့် ကြွယ်ဝရေးပါတီ (PKS)က အနိုင်ရရှိခဲ့သည်။ အစ္စလာမ်မစ်တန်ဘိုးများအပေါ် အခြေခံသော သန့်စင်သည့်အစိုးရတရပ် ဖွဲ့စည်းရေးဆိုသည့် ကတိကဝတ်က ၎င်းပါတီအား အင်ဒိုနီးရှားပါလီမန်၏ အမတ် နေရာ(၅၅၀)တွင် ၄၃–၄၅ နေရာခန့် အသာရစေခဲ့ခြင်းဖြစ်သည်။ ဤရွေးကောက်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံ၏ အစ္စလာမ်နှင့် ဆက်နွယ်သည့် (၆)ပါတီက မဲအားလုံး၏ (၃၂)ရာနှုန်း ရရှိခဲ့သည်။ သန်းပေါင်း(၂၁၀)ရှိသည့် အင်ဒိုနီးရှားလူဦးရေ၏(၈၈)ရာခိုင်နှုန်းခန့်သည် မွတ်စလင်များ ဖြစ်ကြပြီး၊ အများစုမှာ အစ္စလာမ်ဝါဒလွှမ်းမိုးမှုမရှိသည့် အလယ်အလတ်လမ်းကျသည့် လောကီပုံစံကို ကျင့်သုံးကြသည်။ ❖

### ဂျပန်

**[အေပီ]**

'ကီမီဂါယို'ဟုခေါ်ဆိုသည့် ရှေးဟောင်းကဗျာအား ကျောင်းတက်၊ ကျောင်းဆင်းတွင် ရွတ်ဆိုရန် တိုကျိုမြို့တော် အာဏာပိုင်အဖွဲ့က ဤနှစ်တွင် အတင်းအကြပ်ပြဋ္ဌာန်းခဲ့သောကြောင့် ဆရာ၊ ဆရာမ ရာပေါင်းများစွာတို့က လက်မှတ်ထိုး ကန့်ကွက်ခဲ့ကြသည်။ ဤကဗျာသည် ဧကရာဇ်၏ ထာဝရ ရှင်သန်ကြီးစိုးမှုကို ဖွဲ့ဆိုထားပြီး ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျပန်နိုင်ငံ၏ အမျိုးသားသီချင်းဖြစ်ခဲ့သည်။ ၁၉၉၉ ခုနှစ်က ဂျပန်နိုင်ငံ၏ အမျိုးသားသီချင်းအဖြစ် နောက်ထပ်တကြိမ်တရားဝင်ကြေညာခဲ့ရာ ဂျပန်အများအပြားက ထိုကိစ္စကို စစ်ဝါဒ၏ အကြွင်းအကျန်လက္ခဏာဖြစ်သည်ဟုဆိုကာ ဆန့်ကျင်ကန့်ကွက်ဆဲဖြစ်သည်။ ❖

# နိုင်ငံတကာ

## ကင်ဂျုံအီး၏ တရုတ်ပြည်လျှို့ဝှက်ခရီးစဉ် ပြီးဆုံး



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီးနှင့် တရုတ်သမတဟောင်း ကျန်ဇီမင်း

[ဘီဘီစီ]

ဧပြီ(၁၉)ရက်နေ့က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီသည် တရုတ်ပြည်သို့ လျှို့ဝှက်ခရီးထွက်ခွာခဲ့ပြီး အမေရိကန်နှင့် လိပ်ခဲတည်းလည်းဖြစ်နေသည့် နျူကလီးယားကိစ္စရပ်များနှင့် မြောက်ကိုရီးယား၏ ဆိုးဝါးနေသည့် စီးပွားရေးအခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

နျူကလီးယားကိစ္စနှင့်ပတ်သက်၍ ၎င်း၏ ရပ်တည်ချက်အား ပျော့ပျောင်းရန် တရုတ်ပြည်က ကင်အား တောင်းဆိုခဲ့ကြောင်း၊ ကျန်ဇီမင်းက မြောက်ကိုရီးယား၏ တင်းမာသောလိုင်းအား ပြောင်းလဲသင့်ကြောင်း သွယ်ဝိုက်စွာ အကြံပြုပြောကြားပြီး မြောက်ကိုရီးယားအပေါ် အမေရိကန်၏ ကျူးကျော်မှုမှာ ဖြစ်နိုင်ခြေနည်းပါးကြောင်း ပြောကြားခဲ့သည်ဟု သံတမန်များက ပြောဆိုခဲ့သည်။

အကြပ်အတည်းဖြေရှင်းရေးအား ရည်ရွယ်သည့် (၆)နိုင်ငံဆွေးနွေးပွဲအား နှစ်ဖက်စလုံးမှ ဆက်လက်ပြီး ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း အခြေအနေများ၊ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကိစ္စများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ၎င်းတို့၏ ပြည်တွင်းအခြေအနေအသီးသီးနှင့် ပတ်သက်၍လည်း အပြန်အလှန် ယုံကြည်မှု ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ကင်သည် လက်ရှိ တပ်မတော်အကြီးအကဲအဖြစ် ရှိနေသေးသည့် ကျန်ဇီမင်းအပါအဝင် တရုတ်နိုင်ငံ သမတနှင့် စစ်ဘက်အရာရှိများနှင့်လည်း ဆွေးနွေးခဲ့သည်။ နျူကလီးယားစီမံကိန်း ရပ်ဆိုင်းရေးအတွက် လိုအပ်သည့် လုံခြုံရေးအာမခံချက် ရမည် မရမည်ကို သံသယရှိကြောင်း ကင်က ထုတ်ဖော်ပြောဆိုခဲ့ကြောင်း တောင်ကိုရီးယားသတင်းစာ မန်ဟွာအီလ်ဘိုက ပြောကြားခဲ့သည်။ ❖

### အီရတ်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

[စီအဲန်အဲန်]

၂၀၀၄ ခုနှစ် ဧပြီလ(၂၈)ရက်နေ့က ထုတ်ပြန်သော စီအင်န်အင်န်သတင်းဌာန စာရင်းမှတ်တမ်းများအရ အီရတ်စစ်ပွဲအတွင်း ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း (၈၃၁)ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၇၂၆)ဦး၊ ဗြိတိသျှ စစ်သား (၅၉)ဦး၊ အီတလီစစ်သား (၁၇)ဦး၊ စပိန်စစ်သား(၁၁)ဦး၊ ဘူဂေးရီးယားစစ်သား (၆)ဦး၊ ယူကရိန်းစစ်သား (၅)ဦး၊ ပိုလန်စစ်သား(၂)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒိန်းမတ် စစ်သား(၁)ဦး၊ အက်စ်တိုးနီးယားစစ်သား (၁)ဦးနှင့် အယ်လ်ဆာဗေးဒိုးစစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်း ဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ(၃၈၆၄)ဦး ရှိပြီးဖြစ်သည်။ ❖

## အိန္ဒိယ-ပါကစ္စတန်ဆွေးနွေးပွဲ စတင်ရန် ရက်သတ်မှတ်



အိန္ဒိယဝန်ကြီးချုပ်နှင့် ပါကစ္စတန်သမတ

[ဘီဘီစီ]

အစ္စလမ်မာဘတ်မြို့တွင် နျူကလီးယားကိစ္စများနှင့် ပတ်သက်သည့် ယုံကြည်မှု တည်ဆောက်ရေးဆွေးနွေးပွဲများကို ဤလ စောစောပိုင်းက ပါကစ္စတန်က အဆိုပြုခဲ့သည့်အတိုင်း မေလ(၂၅)နှင့် (၂၆)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးက (၂၁)ရက်နေ့က ပြောကြားခဲ့သည်။ ဇွန်(၁၅)ရက်နှင့် (၁၆)ရက်နေ့များ၌ မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သည့်ဆွေးနွေးပွဲများ ကျင်းပရန်ကိုလည်း သဘောတူလိုက်ပြီဖြစ်ကြောင်း ဒေလီက ပြောကြားခဲ့သည်။

အငြင်းပွားနေသည့် ကက်ရှမီးယားကိစ္စအပါအဝင် အခြားကိစ္စများအားလုံးအား ဆွေးနွေးရန်အတွက် ဖေဖော်ဝါရီလက အိန္ဒိယနှင့် ပါကစ္စတန်တို့က လမ်းပြမြေပုံတခုကို စီစဉ်တင်ပြခဲ့သည်။ ဒေါက်တာခန်ပါဝင်သည့် အရှပ်တော်ပုံနောက်ပိုင်း၌ နျူကလီးယား လုံခြုံရေးအစီအစဉ်နှင့်ပတ်သက်သည့် အသေးစိတ် ရှင်းလင်းပြောကြားချက်ကို ဒေလီမှ သိလိုလိမ့်မည်ဟု အိန္ဒိယအရာရှိတဦးက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဒေါက်တာခန်သည် နျူကလီးယားလျှို့ဝှက်ချက်များကို လစ်ဗျား၊ မြောက်ကိုရီးယားနှင့် အီရန်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းကို ဤနှစ်ထဲ၌ ဝန်ခံပြောကြားခဲ့သည်။

မေလတွင် ကျင်းပမည့် ယုံကြည်မှုတည်ဆောက်ရေးဆွေးနွေးပွဲသည် ကျွမ်းကျင်သူများအဆင့် ဖြစ်လိမ့်မည်။ ဆွေးနွေးမည့် အစီအစဉ်များတွင် နိုင်ငံတခုစီ၏ နျူကလီးယားတပ်ဆင်မှုနှင့် အထောက်အပံ့ပစ္စည်းများ၏တည်နေရာနှင့် ပတ်သက်သည့်သတင်းများ နှစ်စဉ် ဖလှယ်ရေးတို့ ပါဝင်မည်။

လမ်းညွှန်မြေပုံက ဇွန်လ၌ နိုင်ငံခြားရေးအတွင်းဝန်များတွေ့ဆုံပြီး ဩဂုတ်လတွင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို စတင်ရန် တောင်းဆိုထားသည်။ ဖေဖော်ဝါရီလက အစ္စလမ်မာဘတ်၌ ကျင်းပသည့် အစည်းအဝေးက လမ်းညွှန်မြေပုံကို သဘောတူခဲ့ခြင်းဖြစ်သည်။ (၃)နှစ်အတွင်း ပထမဆုံး ကျင်းပခဲ့သည့် ဤဆွေးနွေးပွဲသည် ၂၀၀၃ ခုနှစ် ဧပြီလက စတင်ခဲ့သည့် ဆက်ဆံရေးပျော့ပြောင်းလာမှု၏ ရလာဒ်ဖြစ်သည်။ ❖

## နိုင်ငံခြားမှစစ်သင်္ဘောများဝယ်ယူရေး အိန္ဒိယရေတပ်မတော် စဉ်းစားနေ

[အေအက်ဖ်ပီ]

နောက်(၂)နှစ်အတွင်း ပြည်တွင်း ထုတ်လုပ်သူများက လျှော့ချထုတ်လုပ်မည့် အလားအလာများကြောင့် စစ်သင်္ဘောများအား ပြည်ပမှ ဝယ်ယူမည့်စီမံကိန်းအား ရေတပ်မတော်က အချိန်ယူစဉ်းစားနေပြီဟု အိန္ဒိယ ရေတပ် ဦးစီးချုပ် မဟာဘင်ဒရာဆင်းက ဧပြီ(၂၅)ရက်နေ့က ပြောကြားခဲ့သည်။

သက်တမ်းအိုနေပြီဖြစ်သည့် သင်္ဘောများအား လျင်မြန်စွာအစားမထိုးလျှင် နောက်(၂)နှစ် (၃)နှစ်အတွင်း၌ အိန္ဒိယရေတပ်သည် မုချသေးကျုံ့သွားမည်ဖြစ်ကြောင်း ဆင်းက ထပ်လောင်းပြောကြားခဲ့သည်။ ရေတပ်တွင် အမှန်တကယ် စစ်သင်္ဘော(၂၀၀)ရှိရန် လိုအပ်ပြီး လောလောဆယ်ဆယ်တွင် (၁၄၇) စီး ရှိပြီး၊ မူလသက်တမ်းအရ ပယ်ဖျက်ရမည်ဆိုလျှင် ရေတပ်အင်အားမှာ (၁၂၇)စင်းထိ လျော့ကျသွားမည်ဖြစ်သည်။

၁၉၈၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် ဒေါ်လာသန်းတထောင်တန် ကန်ထရိုက်စာချုပ်အရ တတိယမြောက်သင်္ဘော ဖြစ်သည့် တဘာဖရီးဂိတ်သင်္ဘောကို ဤလအတွင်း ရုရှက အိန္ဒိယသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်က အခြားသင်္ဘော(၂)စီးကို မော်စကိုက လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ဆယ်စုနှစ်တခုကြာ ဆွေးနွေးညှိနှိုင်းမှုအပြီးတွင် မော်စကိုက ဒေါ်လာသန်း(၁၅၀၀)ဖိုးရှိသည့် အမ်အိုင်ဂျီ-၂၉ကေ ဂျက်တိုက်လေယာဉ်(၂၈)စီးနှင့် တန်ချိန်(၄၄၅၇၀)ရှိသည့် လေယာဉ်တင်သင်္ဘောတစီးတို့ကို အိန္ဒိယသို့ ရောင်းမည်ဖြစ်ကြောင်း ဇန်နဝါရီလက ရုရှကာကွယ်ရေးဝန်ကြီး ဆာဂျီအီဗန်နော့က ကြေညာခဲ့သည်။ ပြင်သစ်ကာကွယ်ရေးအုပ်စု (Thales)နှင့် ရေတပ်သင်္ဘောတည်ဆောက်ရေးအဖွဲ့ကလည်း အိန္ဒိယ၌ ရေငုပ်သင်္ဘော(၆)စီး တည်ဆောက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းပြီးဖြစ်သည်။ သို့သော် ယူရိုငွေသန်းပေါင်း(၂၃၇၀) ကုန်ကျမည့်လုပ်ငန်းအတွက် နောက်ဆုံး အတည်ပြုချက် ရယူရန် စောင့်ဆိုင်းနေကြသည်။

ယခုထိ အိန္ဒိယ၏ ရေငုပ်သင်္ဘောများကို ရုရှနှင့် ဂျာမဏီအကူအညီဖြင့် ဆောက်လုပ်ခဲ့သည်။ လာမည့် မေလ(၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအကြို၌ လက်နက်ဝယ်ယူရေးအား တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကြားဖြတ်ဘတ်ဂျက်တွင် အိန္ဒိယ ရူပီး (၂၅၀)ဘီလျံ (အမေရိကန်ဒေါ်လာ ၅.၅ ဘီလျံ) သုံးစွဲမည်ဖြစ်ကြောင်း အိန္ဒိယက ကြေညာခဲ့သည်။ ❖



## မလေးရှားအစည်းအဝေး အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုအပေါ် အလေးထားဆွေးနွေး

[အေဘီစီ]

ငွေမဲများအား ငွေဖြူလျှော်ဖွတ်ခြင်းနှင့် အကြမ်းဖက်သမားများအား ဘဏ္ဍာငွေထောက်ပံ့ခြင်းတို့အား တိုက်ဖျက်ရန် (၅) ရက်ကြာအစည်းအဝေးကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေလျနိုင်ငံတို့မှ ဥပဒေနှင့် ဘဏ္ဍာရေးအရာရှိ(၆၀)ခန့် တက်ရောက်ခဲ့ကြသည်။

ဤဆွေးနွေးပွဲသည် ဇူလိုင်လက ထူထောင်ခဲ့သည့် မလေးရှားနိုင်ငံအခြေစိုက် အရှေ့တောင်အာရှဌာန၏ တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေးစီမံကိန်းများထဲမှတခု ဖြစ်သည်။ "ဒီတရားမဝင် လုပ်ဆောင်မှုတွေကို ထိန်းချုပ်ဖို့ စီမံချက်အသစ်တခု ရေးဆွဲဖို့ လိုအပ်တယ်"ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

တက်ရောက်သူများမှ ရှေးပဝေသဏီကတည်းက လုပ်ဆောင်ခဲ့သည့် ပွဲစားများမှ တဆင့် ငွေလွှဲသောယုံကြည်မှုအပေါ် အခြေခံသည့် ငွေလွှဲပြောင်းမှုစနစ် 'ဟဝါလ'စနစ်ကို ဆွေးနွေးခဲ့ကြသည်။

ဆယက်ဟာမစ်က အမေရိကန်၌ စက်တင်ဘာ(၁၁)ရက်တိုက်ခိုက်မှုတွင် အဓိကငွေထောက်ပံ့မှုမှာ ဤ'ဟဝါလ'စနစ်ပင် ဖြစ်ကြောင်း ထုတ်ဖော်အပြစ်တင်ခဲ့သည်။ ဤဌာနသည် အကြမ်းဖက်ဝါဒဖြစ်ပွားသည့် အကြောင်းရင်းနှင့် ဇစ်မြစ်အား စစ်ဆေးခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို လေ့လာခြင်း၊ နယ်စပ်လုံခြုံရေးကို အလေးထားဆောင်ရွက်ခြင်း၊ ဓာတုစစ်ပွဲ၊ နျူကလီးယားစစ်ပွဲနှင့် ဇီဝစစ်ပွဲများအပါအဝင် တန်ပြန်အကြမ်းဖက်သင်တန်းများနှင့် အကြမ်းဖက်မှုဖြစ်ပွားအပြီး နောက်ဆက်တွဲဖြစ်ရပ်များအပေါ် စီမံခန့်ခွဲခြင်းနှင့် ပတ်သက်သည့် သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ❖

# ဥပဒေသာ အမြင့်ဆုံး

## မင်းလွင်

နိုင်ငံတနိုင်ငံ အေးချမ်းသာယာမှု ရှိ၊ မရှိ သိရှိနိုင်စေရန် လေ့လာဆန်းစစ်သည့်အခါ တရားဥပဒေစိုးမိုးမှု ရှိ၊ မရှိဆိုသည့်အချက်သည် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်နေသည်။ ထိုနည်းတူ အုပ်ချုပ်သူအစိုးရက တိုင်းသူပြည်သားများကို အုပ်ချုပ်ရာတွင် မျှတညီညွတ်မှု ရှိ၊ မရှိကို သုံးသပ်ရာတွင်လည်း တရားဥပဒေ စိုးမိုးရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပြန်သည်။ တရားဥပဒေစိုးမိုးမှု ရှိ၊ မရှိ ကိုလေ့လာဆန်းစစ်ရာတွင် နိုင်ငံတကာမှသတ်မှတ်ထားသည့် စံချိန် စံညွှန်းများရှိသည်။ ၎င်းတို့ အနက် အခြေခံအကျဆုံးဖြစ်သည့် ဥပဒေသည်သာ အမြင့်ဆုံးဖြစ်သည်။ ဥပဒေ၏အထက်တွင် မည်သူမျှ မရှိစေရဆိုသည့်အချက်ကို တင်ပြလိုသည်။ အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများအားလုံး မိမိတို့၏နိုင်ငံအတွင်း လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ကြ

> ဥပဒေကို အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများအားလုံး မိမိတို့၏နိုင်ငံအတွင်း လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းထားချက်များကို လိုက်နာဆောင်ရွက်ကြရန်လိုသည်။ တိုင်းသူပြည်သားများကသာလိုက်နာဆောင်ရွက်တာဝန်ရှိပြီး၊ အုပ်ချုပ်သူများက အစိုးရမို့လိုက်နာရန်မလိုဟု ခွဲခြားပြဋ္ဌာန်း၍ မရ

ရန်လိုသည်။ တိုင်းသူပြည်သားများကသာ လိုက်နာဆောင်ရွက်ရန်တာဝန်ရှိပြီး၊ အုပ်ချုပ်သူများက အစိုးရမို့လိုက်နာဆောင်ရွက်ရန် မလိုဟု ခွဲခြားပြဋ္ဌာန်း၍မရ၊ ဥပဒေပြဋ္ဌာန်းချက်များသည် အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများအားလုံး တပြေးညီခံစားနိုင်သည့်အခွင့်အရေးနှင့် တာဝန်များရှိစေရမည်ဖြစ်သည်။ သို့မှသာ ဖိနှိပ်ချုပ်ချယ်မှုကင်းသည့် မျှတမှန်ကန်စွာအုပ်ချုပ်သည့် အစိုးရဖြစ်သည်ဟု ပြည်သူများက ယုံကြည်အားကိုးလာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု ဆိတ်သုဉ်းလျက်ရှိသည်ဟု နိုင်ငံတကာက ပြောဆိုနေကြသည်၊ မည်သည့်အချက်များကို အခြေခံ၍ နိုင်ငံတကာက ပြောဆိုနေကြသနည်း။ ထို့အတူ အုပ်စိုးသူနအဖကလည်း တိုင်းပြည်သာယာငြိမ်းချမ်းစေရန်နှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဓိကထားဆောင်ရွက်နေသည်ဟု ပြောဆိုပြန်သည်။ မည်သူကမှန်၍ မည်သူကမှားသနည်း။ တရားဥပဒေစိုးမိုးရေး၏ အခြေခံအကျဆုံးဖြစ်သည့် ဥပဒေ၏ အထက်တွင်မည်သူမျှမရှိစေရ၊ ဥပဒေသည်သာ အမြင့်ဆုံး ဖြစ်သည်ဆိုသော ဆိုစကားနှင့်အညီ နအဖက စီမံအုပ်ချုပ်ခြင်းရှိ၊ မရှိကို သုံးသပ်ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရှိခဲ့ရသည်။

မြန်မာပြည်ရဲ့မြို့တော် ရန်ကုန်မြို့ကြီးနဲ့ နီးကပ်လှတဲ့ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ဒေးဒလူကျေးရွာအုပ်စု၊ ကုလားထိပ်ကျေးရွာ၊ ရယကဥက္ကဋ္ဌဖြစ်သူ ဦးစံနက်ကျော်ဆိုသူက ငယ်ရွယ်တဲ့အမျိုးသမီးတွေကို မုဒိမ်းကျင့်နေတဲ့ကိစ္စကို နအဖ၏ အဆင့်အမြင့်ဆုံး အာဏာပိုင်များနဲ့ နအဖကဖွဲ့စည်းပေးထားတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့က မည်သို့မျှ အရေးယူဆောင်ရွက်ပေးခြင်း မပြုတဲ့အပြင် ကျူးလွန်ခံရတဲ့ မိန်းကလေးများကို အာဏာပိုင်များက ပြန်လှန်တရားစွဲဆိုပြီး အပြစ်ပေးလိုက်လို့ ထောင်ဒဏ်(၄)နှစ် ချမှတ်ခြင်းခံရတဲ့ မှုခင်းတခုဖြစ်ပွားခဲ့ပါတယ်။

"အမှုကတော့ ဒီလိုပါ ၂၅-၁၁-၂၀၀၂ ရက်နေ့ ၂၀း၀၀ နာရီ အချိန်ခန့်တွင် မစမ်းစမ်းအေးနှင့် မအေးမိစံတို့ (၂)ဦးသည် ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံနက်ကျော်၏ ဆင့်ခေါ်ချက်အရ ရပ်ကွက်လူကြီးဦးဝင်းမြင့်နှင့် အလုပ်ရှင် ဦးသောင်းအေးတို့က ဦးစံနက်ကျော်၏ နေအိမ်သို့ ပို့ဆောင်ပေးသဖြင့် သွားရောက်ခဲ့ကြသည်။ ဦးစံနက်ကျော်၏နေအိမ်တွင် ဦးစံနက်ကျော်က ည (၁၂) နာရီခန့်တွင် မစမ်းစမ်းအေးအား လည်းကောင်း၊ (၂၆-၁၁-၂၀၀၂) ရက်နေ့ နံနက် (၄)နာရီခန့်တွင် မအေးမိစံအားလည်းကောင်း၊ သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့သည်။ ထိုသို့ အဓမ္မပြုကျင့်ခဲ့သည့်အတွက် မစမ်းစမ်းအေးနှင့်မအေးမိစံတို့သည် (၂၆-၁၁-၂၀၀၂)ရက်နေ့တွင် ဖျာပုံမြို့နယ် ကျုံကဒွန်းရဲစခန်း၌ အမှုဖွင့်တိုင်ကြားပြီး ကျုံကဒွန်းဆေးရုံတွင် ဆေးစစ်ဆေးမှုခံယူခဲ့ကြသည်။ ရဲစခန်းမှ အမှုနှင့်ခြင်းကိစ္စကို ရယကဥက္ကဋ္ဌဖြစ်နေ၍ဟုအကြောင်းပြကာ ယာယီစာရွက်ပေါ်၌သာ ရေးမှတ်ထားခဲ့ပြီး၊ သက်သေများခေါ်ယူစစ်ဆေးခဲ့ပါသည်။ ထို့နောက် မယက၊ ခယက တို့သို့ ဆက်လက်တိုင်ကြားခဲ့သဖြင့် ၁၂-၁၂-၂၀၀၂ရက်နေ့တွင် ခုံရုံးဖွဲ့စစ်ဆေးခဲ့ပြီးနောက် ၁၉-၁၂-၂၀၀၂ ရက်နေ့တွင် ကျုံကဒွန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၅၁၁(၃၇၆-မုဒိန်းမှု၊ ၅၁၁ ထောင်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန်အားထုတ်မှု)အရ ရဲစခန်းအမှုအမှတ် ပ/၅၇၆ ဖြင့် အမှုလက်ခံဖွင့်ပေးခဲ့သော်လည်း ဦးစံနက်ကျော်အား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းမပြုဘဲ လွှတ်ပေးထားခဲ့သည်။ ရဲစခန်းက ခရိုင်ဥပဒေရုံးသို့ အကြံပြုချက်တောင်းခံခဲ့ရာ ခယကအာဏာပိုင်များ၊ တယကအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး၊ ခရိုင်ဥပဒေရုံးမှ ၂၁-၂-၂၀၀၃ ရက်စွဲဖြင့် ရက်စွဲပါစာအမှတ် ၁၄ (င) (၃) ၁/၁၅၂ ဖြင့် အကြောင်းပြန်ကြား၍ မစမ်းစမ်းအေးနှင့် မအေးမိစံတို့ကို ဦးစံနက်ကျော်က သားမယားပြုကျင့်မှု မပေါ်လွင်သဖြင့် ဥပဒေတရပ်ရပ်ဖြင့် အရေးယူရန် ညွှန်ကြားလာသောကြောင့် မူလကျုံကဒွန်းရဲစခန်းတွင် ပ/၅၇၆ ဖြင့် ဖွင့်ထားသည့် အမှုကို ဖျာပုံမြို့နယ် တရားရုံးကအမှုပိတ်ပေးခဲ့လေသည်။

ကျုံကဒွန်းရဲစခန်းမှ ဒုရဲအုပ်စခန်းမှူး ဦးစိုင်းမြင့်အေးက တရားလိုပြုလုပ်၍ ဖျာပုံမြို့နယ်တရားရုံးသို့ ပုဒ်မ(၁၈၂/၃၈၈)တို့အရ တရားခံဖြစ်သူ မစမ်းစမ်းအေးနှင့် မအေးမိစံတို့ကို တရားစွဲဆို အရေးယူပေးရန် ဦးတိုက်လျှောက်ထား၍တရားစွဲဆိုခဲ့ရာမှ ပေါ်ပေါက်လာသည့် မှုခင်းတရပ်ဖြစ်ပါသည်။"

ထိုအမှုကို ဖျာပုံမြို့နယ်တရားရုံးမှ ပြစ်မှုကြီးအမှုအမှတ် ၃၀၆/၂၀၀၃ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံများဖြစ်သူ မစမ်းစမ်းအေးနှင့်မအေးမိစံတို့(၂)ဦးအား ၂၀-၁၀-၂၀၀၃ ရက်နေ့တွင် ဖျာပုံမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက အလုပ်နှင့် ထောင်ဒဏ် (၄)နှစ်ချမှတ်အပြစ်ပေးခဲ့သည်။

### ပြစ်မှုဆိုင်ရာဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်းမရှိ

အမှုတခုဖြစ်လာရင် ရဲကအရေးယူနိုင်တဲ့အမှု(ရဲအရေးပိုင်သည့်အမှု)နဲ့ ရဲကအရေးမယူနိုင်တဲ့အမှု (ရဲအရေးမပိုင်သည့်အမှု)ဆိုပြီး (၂)မျိုးရှိပါတယ်။ သာမန်အားဖြင့် ထောင်ဒဏ်(၃)နှစ်နဲ့အထက် ပြစ်ဒဏ်ချမှတ်နိုင်တဲ့အမှုများကို ရဲအရေးပိုင်တဲ့အမှုလို့သတ်မှတ်ထားပြီး ရဲကဝရမ်းမပါဘဲ ဖမ်းဆီးနိုင်တဲ့အပြင် တရားခံဖြစ်သူကို အာမခံပေးလို့မရတဲ့ အမှုမျိုးလည်းဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနောက်ဆက်တွဲစာတိုင် ၂ ဇယားပါအတိုင်း လိုက်နာဆောင်ရွက်ရသည်။ ဥပမာအားဖြင့် လူတဦးတယောက်အား ဖမ်းဆီးလိုပါက မည်သည့်အတွက်ဖမ်းဆီးရန် ဝရမ်းပါရှိရမည်ဟု ပြဋ္ဌာန်းထားပါက တရားရုံး၏ ဖမ်းဝရမ်းမပါဘဲ လူတဦးတယောက်ကို အကြောင်းမဲ့မဖမ်းဆီးနိုင်ပေ။ ဖမ်းဆီးရာတွင်လည်း လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်းသာ လိုက်နာဆောင်ရွက်ရသည်။ ဥပဒေကခွင့်ပြုထားသည့် အချက်များထက်ပိုမို၍ သုံးစွဲပိုင်ခွင့်မရှိပေ။

ရှေ့လဆက်ရန် ❍

# ထိုင်းနိုင်ငံခြားရေးဝန်ကြီး ရန်ကုန်မြို့သို့ လျှို့ဝှက်ခရီးသွားရောက်ခဲ့

**ဧပြီ၊ (၁၁)ရက်။ [အေပီ]**

ထိုင်းနိုင်ငံခြားရေးဝန်ကြီး စူရာကီရတ်ဆာသီယာထိုင်းသည် ကြိုတင်ကြေညာထားခြင်းမရှိဘဲ ပြီးခဲ့သော ဧပြီလ(၁၀)ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ လျှို့ဝှက်သွားရောက်ခဲ့ပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် (၁)နာရီကြာ တွေ့ဆုံကာ ဘန်ကောက်သို့ ချက်ချင်းပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။



မစ္စတာစူရာကီရတ်

ရန်ကုန်သို့ မထွက်ခွာမီ သတင်းထောက်များက ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ရေးနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ၌ ၎င်းက ပြန်လည်ဖြေကြားရန် ငြင်းဆန်ခဲ့ကြောင်း သိရသည်။ အဆိုပါခရီးစဉ်သည် ယခုလကုန်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ကျင်းပရန်ရှိသည့် Bangkok Process (ခေါ်) မြန်မာ့အရေးဆွေးနွေးပွဲနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

ထိုဆွေးနွေးပွဲသို့ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်အား ဖိတ်ကြားထားသော်လည်း စိတ်ပါဝင်စားဟန် မရှိကြောင်း သိရှိရသည်။

ဘန်ကောက်တွင် ကျင်းပမည့် မြန်မာ့အရေးဆွေးနွေးပွဲသို့ ဥရောပ(၁၆)နိုင်ငံနှင့် အာဆီယံနိုင်ငံများ တက်ရောက်ရန် စီစဉ်ထားသော်လည်း ဗြိတိန်နှင့် အမေရိကန်အစိုးရတို့က တက်ရောက်ရန် ငြင်းပယ်နေဆဲဖြစ်ကြောင်း ဘန်ကောက်မှ ပေးပို့သော အေပီသတင်း၌ ဖော်ပြထားသည်။ ❖

## ❍ ဒီမိုကရေစီသူရဲကောင်းများမှ

သားအရေးတော်ပုံခေါင်းဆောင်တဦးလည်းဖြစ်ခဲ့ပါတယ်။ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကာလမှာလည်း ငြိမ်းချမ်းရေးတပ်သားတဦးဖြစ်ခဲ့ပြီး ဆွေးနွေးပွဲပျက်ပြီးနောက် 'မဆလ'အစိုးရရဲ့ အဖမ်းခံခဲ့ရပါတယ်။ ကိုကိုးကျွန်းအပို့ခံခဲ့ရပါတယ်။ ကျွန်းဖျက်သိမ်းရေး အစာငတ်ခံဆန္ဒပြ သပိတ်တိုက်ပွဲမှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့ပါတယ်။ အဖမ်းခံရစဉ်က စစ်ကြောရေးစခန်းမှာ ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပေမယ့် ယုံကြည်ချက် နောက်တွန့်သွားသူ မဟုတ်ပါ။ သူ့ရဲ့ ရဲရင့်မှု၊ စွန့်လွှတ်အနစ်နာခံနိုင်မှု၊ ယုံကြည်ချက် ခိုင်မာစွဲမြဲနက်ရှိုင်းမှု၊ ဇွဲနဘဲကြီးမှုတွေကို သိရှိသူများက လေးစားအသိအမှတ်ပြုကြပါတယ်။ သူ့ရဲ့အရိုးအိုးကို သူ့ဇာတိ 'သုံးခွ'မှာ အုတ်ဂူပြုလုပ်ထားရှိပါတယ်။

၁၉၇၂ ခုနှစ် ဗိုလ်နေဝင်း'မဆလ'အစိုးရလက်ထက် အင်းစိန်အကျဉ်းထောင်ခန်းမမှာ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်တဲ့ပွဲတခု ကျင်းပခဲ့ပါတယ်။ အကျဉ်းသားတွေကို သက်ဆိုင်ရာအာဏာပိုင်များက လက်ဆွဲနှုတ်ဆက်ရာမှာ ကိုစိန်ဝင်းက လက်ဆွဲနှုတ်မဆက်ခဲ့ပါဘူး။ လက်ကို နောက်ပစ်ထားခဲ့ပါတယ်။

'ကျုပ် ရန်သူနဲ့ ဘယ်တော့မှ လက်မဆွဲဘူး'လို့ ပြတ်ပြတ်သားသား ပြောဆိုငြင်းပယ်ခဲ့ပါတယ်။

ကိုစိန်ဝင်းက အဲဒီလိုလူစားမျိုးပါ။ အခုတော့ မရှိရှာတော့ပါဘူး။ အသက် ၅၄ နှစ်အရွယ် လူပျိုကြီးဘဝနဲ့ပဲ ကွယ်လွန်သွားခဲ့ပါပြီ။ သူ့တိုင်းပြည်အတွက် မေတ္တာစေတနာအပြည့်အဝနဲ့ စစ်အာဏာရှင်စနစ်ဆိုးကို ဖယ်ရှားဖို့ကြိုးစား တိုက်ပွဲဝင်ရင်း ကွယ်လွန်သွားခဲ့ပါပြီ။ ကိုစိန်ဝင်းကွယ်လွန်ခြင်း ၁၃ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဒီကဗျာလေးနဲ့ လွမ်းသူ့ပန်းခွေ ကမ်းလိုက်ပါတယ်။

## သစ္စာစကား

အို ...
သူငယ်ချင်းများ ...
မိတ်ဆွေများ ...
ရဲဘော်များ ...
ငါ ... ပန်းပွင့်နှလုံးသား
ပြုံးထားမျက်နှာ
နှုတ်လွှာချိုမြ
'စမ်းလ'ပမာနှယ်
ကြင်နာနူးသက်
ကြာမုံလက်နှင့်
နှုတ်ဆက်ပါသည် ... ထာဝရ။
ဟော့ ...
အဓမ္မသမား
ဝံပုလွေများ ...
သင်တို့အတွက်
ကျောက်သားမျက်နှာ
အသဲမှာ သံမဏိ
အမုန်းပန်းအတိပြည့်
ထိကြည့်စမ်း ... 'မီးလို နေလို'
ဆိုမည် ... သစ္စာ
မကြိုင့်ါလက် ... နှုတ်မဆက်ဘူး
ထာဝရ။ ။

**(၈-၁-၁၉၉၁ နေ့တွင် အင်းစိန်အကျဉ်းထောင်၌ ကွယ်လွန်သွားသူ ကိုစိန်ဝင်း (သုံးခွ)အတွက် အမှတ်တရ)**

❖

# ယခင်အတိုင်း ပြောင်းလဲခြင်းမရှိသည့် နအဖ၏အမျိုးသားညီလာခံကို ဝိုင်းဝန်းဆန့်ကျင်ကြရမည်



NCUB အထွေထွေအတွင်းရေးမှူး
ဦးအောင်မိုးဇော်

**ဧပြီ၊(၂၀)ရက်။ [ဒီဗွီဘီ]**

အမျိုးသားညီလာခံကို ယခင်က ချမှတ်ထားသည့် ဦးတည်ချက်(၆)ရပ်နှင့် လုပ်ထုံးလုပ်နည်းဟောင်းများအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု နအဖက ကြေညာခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)တို့၏ သဘောထားအမြင်များ ပေါ်ထွက်လာခဲ့ရာ ပြောင်းလဲမှုမရှိသည့် နအဖညီလာခံကို ပြည်သူအားလုံးနှင့် တကမ္ဘာလုံးက ဝိုင်းဝန်းဆန့်ကျင်ရမည်ဖြစ်သည်ဟု ဆိုလိုက်သည်။

NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက "အစစအရာရာမှာ ၁၉၉၃ တုန်းကစတဲ့ ညီလာခံထက် ဆိုးရွားနေတယ်။ အဲန်အယ်လ်ဒီတင် မကဘူး၊ တိုင်းရင်းသားအဖွဲ့တွေလည်း အတော်စဉ်းစားရမယ့် အခြေအနေပါ။ တိုင်းရင်းသားတွေ လိုချင်တဲ့ Autonomy လို့ပဲခေါ်ခေါ်၊ ဖက်ဒရယ်ပြည်ထောင်စုလို့ပဲ ခေါ်ခေါ် ဒီအတိုင်းသွားရင် ဒါတွေရဖို့ ကျနော်မမြင်ဘူး"ဟု ပြောဆိုလိုက်သည်၊ ဆက်လက်၍ အရေးကြီးသည့်ဆုံးဖြတ်ချက်များကို ယခင်ညီလာခံတွင် ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ညီလာခံတက်သည့်သူများမှာ လက်မှတ်ထိုးရုံလောက်သာရှိတော့သည့်အတွက် အဘယ်ကြောင့် ညီလာခံတက်ရသည်ဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်နေကြောင်း ထောက်ပြပြောဆိုသည်။

NCUB အထွေထွေအတွင်းရေးမှူး ဦးအောင်မိုးဇော်ကလည်း "နအဖက ချမှတ်ထားတဲ့ (၆)ချက်နဲ့ (၁၀၄)ချက်စလုံးဟာ ရေရှည်ဆက်ပြီးတော့ တိုင်းပြည်အာဏာကို ရယူမယ်၊ စစ်အာဏာရှင်စနစ်ကို ဆက် ထူထောင်မယ်ဆိုပြီး အခိုင်အမာ ချထားတဲ့ သဘောထားတွေပဲဖြစ်တယ်။ ဒါ့ကြောင့် ဒါတွေကို ပြင်ဖို့လိုတယ်၊ ဆွေးနွေးဖို့လိုတယ်လို့ နိုင်ငံရေးအဖွဲ့အစည်းတွေရော၊ တကမ္ဘာလုံးကရော ပြောနေတာဖြစ်တယ်။ ဒါတွေကို မပြင်ဘူးလို့ သူတို့က မနေ့က ကြေညာလိုက်တဲ့ကိစ္စဟာ သူတို့ဟာ တတိုင်းပြည်လုံးနဲ့ တကမ္ဘာလုံးကို စိန်ခေါ်တာဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကို ပြောင်ပြောင်တင်းတင်း ဆက်သွားမယ်လို့ ပြောတာဖြစ်တယ်လို့ ကျနော်နားလည်တယ်"ဟု ပြောကြားသွားခဲ့သည်။

ထို့ပြင် ဦးအောင်မိုးဇော်က "အခုကဘယ်လိုမှ အဖြေရှာလို့ မရဘူး။ နအဖသဘောထားပြောင်းဖို့ပဲလိုတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပဲ ဖြစ်ဖြစ်၊ တိုင်းရင်းသားအင်အားစုတွေဘက်ကပဲဖြစ်ဖြစ် သူတို့ပြောသင့်ပြောထိုက်တာ၊ တိုင်းပြည်ရဲ့မျက်နှာကို ကြည့်ပြီးတော့ ပြဿနာကို အဖြေရှာဖို့ တင်ပြပြီးပြီဖြစ်တယ်။ တင်ပြထားတဲ့ သဘောထားတွေကလည်း အပျော့ပြောင်းဆုံး သဘောထားတွေဖြစ်တယ်။ ဒါကိုတောင်မှ နအဖက လက်မခံနိုင်တဲ့ကိစ္စဟာ နအဖရဲ့ကိစ္စပဲ ဖြစ်တယ်။ နအဖကို တကမ္ဘာလုံးကရော၊ ပြည်သူတရပ်လုံးကရော အားလုံးက ဝိုင်းဆန့်ကျင်ဖို့ အခြေအနေမှာပဲ ရှိတယ်။ ဒါကိုပဲ တောင်းဆိုရမှာဖြစ်တယ်။ ဒီနေ့လုပ်ရမယ့်ကိစ္စက နအဖ သဘောထားပြောင်းအောင် လုပ်ရမယ့်ကိစ္စပဲဖြစ်တယ်"ဟု ထပ်လောင်း ပြောကြားသွားခဲ့သည်။ ❖

# ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ ဒိန်းမတ်ခရီး အောင်မြင်မှု ရရှိ

**ဧပြီ၊(၂၅)ရက်။ [ဒီဗွီဘီ]**

အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းသည် ဧပြီလ (၂၄) ရက်နေ့က ဒိန်းမတ်နိုင်ငံ သို့ရောက်ရှိခဲ့ပြီး ဒိန်းမတ် အလုပ်သမားသမဂ္ဂနှင့် ဆွေးနွေးခဲ့ပြီး နအဖအပေါ် စီးပွားရေးဒဏ်ခတ်မှုများ ပြုလုပ်ရန် တိုက်တွန်းခဲ့ရာ ဆွေးနွေးပွဲအပြီးတွင် ဒိန်းမတ်အလုပ်သမားသမဂ္ဂမှ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်ဟု သိရှိရသည်။

ထိုဆုံးဖြတ်ချက်များတွင် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ဖမ်းဆီးထားပြီး အဲန်အယ်လ်ဒီကို ညီလာခံတက်ခွင့် မပေးပါက အီးယူအနေနှင့် အဓိကထွက်ကုန်များ တင်ပို့ခွင့် ပိတ်ပစ်မည်ဖြစ်ကြောင်း၊ တဆက်တည်းတွင် ဤပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်ပြဆွေးနွေးရန်နှင့် လာမည့်



ဒေါက်တာစိန်ဝင်း

အောက်တိုဘာတွင် ကျင်းပမည့် အီးယူ၊ အာဆီယံ အစည်းအဝေးသို့ နအဖ အားတက်ရောက်ခွင့် ပိတ်ပင်မည်ဟု သိရှိရသည်။

အဆိုပါဆွေးနွေးပွဲ၌ ဒေါက်တာစိန်ဝင်းက မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ILO ရုံးရှိနေသေးသော်လည်း မတရားစေခိုင်းမှုများ ဆက်လက်ရှိနေပြီး သွားရောက်တိုင်ကြားသူများအား ဖမ်းဆီးခြင်း၊ သေဒဏ်အပြစ်ပေးခြင်းကို ပြုလုပ်နေကြောင်း၊ ၎င်းပြင် အမျိုးသားညီလာခံအား ယခင်ပုံစံအတိုင်း ပြန်လည်စတင်ခြင်းသည် အဓိပ္ပာယ်ကင်းမဲ့ပြီး မိမိတို့အနေနှင့် လုံးဝလက်မခံနိုင်ဟု ပြတ်သားစွာ ပြောကြားခဲ့သည်။

ဒိန်းမတ် အလုပ်သမားသမဂ္ဂသည် ဥရောပတွင် အင်အားအတောင့်အတင်းဆုံးဖြစ်ပြီး ၎င်း၏ဆုံးဖြတ်ချက်တို့ကို ဥရောပသမဂ္ဂထံ တင်ပြသွားမည်ဖြစ်သောကြောင့် ဆုံးဖြတ်ချက်များ မကြာမီသက်ဝင်လာလိမ့်မည်ဟု အစည်းအဝေးစီစဉ်သူ ဒိန်းမတ်–မြန်မာကောင်စီမှ မစ္စအာနာပါရာဇင်က ပြောကြားခဲ့သည်။ ❖

BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# သံဃာ ၂၆ ပါး ထောင်ဒဏ် (၁၈)နှစ် ချမှတ်ခံရ

ပြီးခဲ့သည့် ကထိန်ရာသီအတွင်း နအဖ ဗိုလ်ချုပ်ကြီးများ လှူဒါန်းသောပစ္စည်းများ လက်မခံဘဲ ငြင်းဆိုခဲ့၍ သံဃာအပါး (၁၀၀) ကျော်ထဲမှ ရန်ကုန်မြို့ ဂန္ဓာရုံကျောင်းတိုက်မှ သံဃာ ၂၆ ပါးအား ထောင်ဒဏ် (၁၈)နှစ် အထိ ချမှတ်ခဲ့ကြောင်း သိရှိရသည်။ ဦးပဥ္ဇင်း ဦးစန္ဒာဇောတိနှင့် ကိုရင်ငယ် ၂၅ ပါးအား အင်းစိန်အကျဉ်းထောင် တရားရုံးမှ ဖေဖော်ဝါရီလအတွင်း ယခုကဲ့သို့ တရားဥပဒေစိုးမိုးမှုကင်းမဲ့စွာ စီရင်ချက်ချခဲ့ခြင်း ဖြစ်သည်။

# မန္တလေး လေကြောင်း အတတ်သင်ဌာနချုပ်မှ လေယာဉ် (၁)စီးပျက်ကျ နည်းပြသေဆုံး

**ဧပြီ၊(၂၂)ရက်။ [ဒီဗွီဘီ]**

မန္တလေးတိုင်း၊ မိတ္ထီလာ အခြေစိုက် လေကြောင်း အတတ်သင်စခန်း ဌာနချုပ်မှ လေကြောင်းတိုက်ခိုက်ရေး အမှတ်စဉ် (၅၄) မှ 52K လေယာဉ်သည် အခြားလေယာဉ် (၇)စီးနှင့် အုပ်စုဖွဲ့ လေ့ကျင့်ပျံသန်းနေစဉ် စက်ချွတ်ယွင်းပြီး ဧပြီလ (၂၀)ရက်နေ့က ပျက်ကျခဲ့သည်။

စီးနင်းလိုက်ပါလာသူ နည်းပြဆရာ ဗိုလ်ကြီးကျော်ကျော်နိုင်နှင့် သင်တန်းသား ဒုဗိုလ်သိန်းဦးတို့ လေထီးဖြင့် အချိန်မှီ ခုန်ချခဲ့သော်လည်း လေထီးမပွင့်သဖြင့် ဗိုလ်ကြီးကျော်ကျော်နိုင်မှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး ဒုဗိုလ်သိန်းဦးမှာ ဒဏ်ရာအပြင်းအထန် ရရှိသွားခဲ့သည်။

အဆိုပါလေယာဉ်သည် မိတ္ထီလာနှင့် ဝမ်းတွင်းမြို့အကြား လယ်ကွင်းရှိ ထန်းတောထဲ ထိုးကျပေါက်ကွဲသွားပြီး သေဆုံးသူအလောင်းအား လေယာဉ်ပျက်ကျရာအနီး၌ တွေ့ရှိခဲ့ကြောင်း ဒေသခံတဦး အဆိုအရ သိရှိရသည်။

❖

# လူ့အခွင့်အရေးချိုးဖောက်မှု အဆိုးဝါးဆုံးနိုင်ငံများတွင် မြန်မာပါဝင်

**ဧပြီ၊(၁၄)ရက်။**

၂၀၀၃ ခုနှစ်အတွင်း အလုပ်သမားအခွင့်အရေးချိုးဖောက်မှု အဆိုးဝါးဆုံး နိုင်ငံများ စာရင်းတွင် မြန်မာနိုင်ငံပါဝင်ကြောင်း ဧပြီလ (၁၃)ရက်နေ့က ထုတ်ပြန်သည့် လူ့အခွင့်အရေးကာကွယ် စောင့်ကြည့်ရေးအဖွဲ့ကြီး၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် အလုပ်သမားအပေါ် တင်းကြပ်သည့် ဖိနှိပ်ချုပ်ချယ်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုများ၊ အသက်ဆုံးသည်အထိ ညှဉ်းပန်းမှုများ တနေ့တခြား ပိုမိုဆိုးဝါးလာသဖြင့် လုပ်ငန်းခွင်ဝင်ရန် အခက်ကြုံနေရကြောင်း သိရှိရသည်။

အလုပ်သမားများအပေါ် ဖိနှိပ်မှု အဆိုးဝါးဆုံး နိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်နှင့် ဆော်ဒီ အာရေးဗီးယားနိုင်ငံတို့ ပါဝင်ကြောင်း လူ့အခွင့်အရေးကာကွယ် စောင့်ကြည့်ရေးအဖွဲ့ကြီး၏ အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သတင်းရရှိသည်။ ❖



မြန်မာနိုင်ငံတွင်း စက်ရုံတရုံမှ အလုပ်သမများ

## ❍ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၂) ဒုဗိုလ်ချုပ်ကြီးသိန်းစိန်က ထုတ်ဖော်ပြောဆိုခဲ့သည်။

သို့သော် ၉၆ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သော ညီလာခံ၏ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ချက်များကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်ကြောင်းကို ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ၈၂ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပြည်တွင်းတရားဝင် နိုင်ငံရေးပါတီများနှင့် အပစ်အခတ် ရပ်စဲထားသောအဖွဲ့များမှ အကြိမ်ကြိမ် ထုတ်ဖော်ပြောကြားခဲ့သည်။

နအဖအတွင်းရေးမှူး(၂)၏ ယခုကဲ့သို့ ထုတ်ဖော်ပြောကြားမှုနှင့်စပ်လျဉ်း၍ "ကျနော်တို့ဘက်က နအဖအပေါ် မရေမရာ မျှော်လင့်ချက်ထားနေကြသူတွေကို လမ်းရှင်းပေးလိုက်တာပဲ။ နောက်ဆုံးတော့ ကျွန်တော့်တို့ ညီညွတ်ရေးကို ရန်သူက ပြဋ္ဌာန်းပေးတာဖြစ်တယ်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်မိုးဇော်က မိုးကြိုးသို့ ၎င်း၏အမြင်ကို ရှင်းပြခဲ့သည်။

❖

# မြန်မာဒီမိုကရေစီခေါင်းဆောင် 'ဂွမ်ဂျူး' လူ့အခွင့်အရေးဆု ချီးမြှင့်ခံရ



မြန်မာ့ဒီမိုကရေစီခေါင်းဆောင်
ဒေါ်အောင်ဆန်းစုကြည်

မြန်မာဒီမိုကရေစီခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား တောင်ကိုရီးယားနိုင်ငံ၏ "ဂွမ်ဂျူး" လူ့အခွင့်အရေးဆု ချီးမြှင့်ရန် ဧပြီလ(၂၇)ရက်နေ့က ရွေးချယ်လိုက်သည်။

ယနေ့ကာလ မြန်မာပြည်၏ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေမှုများသည် ၁၉၈၀ ခန့်က ကိုရီးယားတွင် လူ့အခွင့်အရေးတိုက်ပွဲဝင်ခဲ့ရသည့် အနေအထားနှင့် အတူတူပင် ဖြစ်သည်။ မြန်မာပြည် အခြေအနေ ကောင်းလာစေရေး ကြိုးပမ်းရာတွင် မိမိတို့တောင်ကိုရီးယားပြည်သူလူထုကလည်း ရပ်တည်အားပေးနေသည်ကို သိစေလိုသည့်အတွက် ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်အား ဆုပေးအပ်ရခြင်းဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ မေ(၁၈)ရက်နေ့ အောက်မေ့ဖွယ် ဖောင်ဒေးရှင်း တာဝန်ခံ မစ္စတာချန်ဟူကင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။

သက္ကရာဇ် ၂၀၀၀ ခုနှစ်မှ စတင် ချီးမြှင့်သော "ဂွမ်ဂျူး"လူ့အခွင့်အရေးဆုကို ဒေါ်အောင်ဆန်းစုကြည်က ပဥ္စမမြောက်ဆု ရရှိသူဖြစ်သည်။ အရှေ့တီမော သမတ ဇနာနာ ဂတ်စ်မာဟို၊ ဟောင်ကောင် လူ့အခွင့်အရေးကြိုးပမ်းသူ ဘာဂီဖါနန်ဒို၊ သီရိလင်္ကာမှ ကမဝါယာနစီ တို့လည်း ယင်းဆုကို ရရှိခဲ့ကြသည်။ ယင်းဆုနှင့်အတူ အမေရိကန်ဒေါ်လာ တသောင်းကို ဆုကြေးအဖြစ်ရရှိမည် ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်ခံရသူ ဒေါ်အောင်ဆန်းစုကြည်အတွက် ယခုရရှိသော ဂွမ်ဂျူး လူ့အခွင့်အရေးဆုသည် သူမ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများအတွက် (၄၉)ကြိမ်မြောက် ရရှိသောဆုဖြစ်သည်။ ❖

# ၅/၉၆ အမိန့်ကို ချက်ခြင်းပယ်ဖျက်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆို

[BINA]



သခင်စိုးမြင့်

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲ လျှင်သော်လည်းကောင်း၊ နအဖ အမျိုးသားညီလာခံအား နှောင့်ယှက်ဖျက်ဆီးလျှင်သော်လည်းကောင်း ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အနှစ်(၂၀)အထိ ချမှတ်နိုင်သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ၁၉၉၆ ခုနှစ်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ၅/၉၆ အမိန့်အား ချက်ခြင်းပယ်ဖျက်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၉-၄-၀၄ နေ့တွင် ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့သည်။

အဆိုပါ ကြေညာချက်နှင့် စပ်လျဉ်း၍ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်သူ သခင်စိုးမြင့်က ပြည်သူတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအကြောင်းကို လုံးဝပြောဆိုနိုင်ခြင်း မရှိကြောင်း၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ စတင်ခေါ်ယူချိန်၌ ထိုဥပဒေ မရှိခဲ့ပါကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာများကို ရေးဆွဲရာ၌ ပြည်သူတရပ်လုံး ပါဝင်ခွင့်ရရန် လိုအပ်ကြောင်း၊ သို့ပါ၍ ယင်းဥပဒေ ရုပ်သိမ်းပေးရန် အဖွဲ့ချုပ်က ပြည်သူများကိုယ်စား တောင်းဆိုကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့သည်။

ညီလာခံမစတင်မီ ပြည်သူတို့အား ဖိနှိပ်သည့်ဥပဒေဖြစ်မည့် ၅/၉၆ အမိန့်ကို ချက်ချင်း ရုပ်သိမ်းရန် အဖွဲ့ချုပ်၏ ရဲဝံ့စွာ တောင်းဆိုမှုသည် ပြည်သူများ၏ တပ်ဦးပါတီ အစစ်အမှန်ဖြစ်ကြောင်း အဖွဲ့ချုပ်က သက်သေပြခြင်းဖြစ်သည်ဟု အဆင့်မြင့် အဖွဲ့ချုပ် အဖွဲ့ဝင်တဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဦးစိုးမြင့်က "ဒီဥပဒေက (၉၆)ညီလာခံ ရုပ်သိမ်းပြီးမှ ထုတ်ပြန်တဲ့ဥပဒေ၊ ဒါ ရုပ်သိမ်းပေးဖို့ လိုတာပေါ့၊ အများပြည်သူက ပြောပိုင်ခွင့် ဆိုပိုင်ခွင့် ရှိရမယ်၊ မကြိုက်ရင် မကြိုက်ဘူးဆိုတာ ပြောပိုင်ခွင့် ရှိရမယ်"ဟု အဖွဲ့ချုပ်၏ သဘောထားကို ပြောကြားသွားသည်။ ❖

# အမျိုးသားဒီမိုကရေစီဌာနချုပ်ရုံး ပြန်လည်ဖွင့်လှစ်



အဖွဲ့ချုပ်အတွင်းရေးမှူးဦးလွင် ဌာနချုပ်ရုံးပြန်လည်ဖွင့်လှစ်ရာသို့ ရောက်ရှိလာစဉ်

ဒီပဲယင်းအရေးအခင်းအပြီး ဥပဒေမဲ့ ပိတ်ပင်ခြင်းခံရသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် အနောက်ရွှေတိဂုံလမ်း အမှတ်(၉၇/ခ)တွင် ဖွင့်လှစ်ထားသော (၁၀)လ ကျော်ကြာ ပိတ်ပင်ထားရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးအား ဧပြီလ(၁၇)ရက်နေ့က နအဖက ပြန်လည်ဖွင့်လှစ်ခွင့် ပြုလိုက်ပြီဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ရန်ကုန်တိုင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်မှ ဦးသိန်းဇံ၊ ဒေါက်တာဝင်းနိုင် စသောပုဂ္ဂိုလ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတို့က ချက်ချင်းလာရောက်၍ ရုံး ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသည်ဟု သိရသည်။

အဖွဲ့ချုပ် ဌာနချုပ်ရုံး ပြန်လည်ဖွင့်လှစ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်သောင်းက "ဒီကိစ္စက တရားလိုက တရားခံဖြစ်သွားတဲ့ကိစ္စဖြစ်တယ်၊ ဒါကြောင့် ဒီပဲယင်းအရေးအခင်းမတိုင်ခင်က နိုင်ငံရေးအခြေအနေမျိုး ပြန်ဖြစ်လာဖို့လိုတယ်။ နအဖကို ဒီကိစ္စအတွက် ကြိုဆိုသင့်တယ်ဆိုတဲ့ အယူအဆမျိုး ကျုပ်တော့ လက်မခံဘူး"ဟု မိုးကြိုးသို့ ထုတ်ဖော် ပြောကြားခဲ့သည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ ခေါင်းဆောင်တချို့ တွေ့ခွင့်ရ

ပြီးခဲ့သည့် မတ်လအတွင်း ဒေါ်အောင် ဆန်းစုကြည်၏ နေအိမ်၌ ဥက္ကဋ္ဌအောင်ရွှေ၊ ဒုဥက္ကဋ္ဌဦးတင်ဦး၊ အတွင်းရေးမှူး ဦးလွင် တို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂ နာရီကြာတွေ့ဆုံခွင့် ရခဲ့ပြီး နအဖလမ်းညွှန်မြေပုံ နှင့် စပ်လျဉ်းသောကိစ္စများကို ဆွေးနွေးခဲ့သည်ဟု သိရသည်။ သို့သော် တစုံတရာ ဆုံးဖြတ်ချက် ချမှတ်မှုမပြုလုပ်ပဲ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်(၉)ဦးစလုံး စုံညီတက် ရောက်သော အစည်းအဝေးမှသာ ယင်းကိစ္စကို ဆုံးဖြတ်ရန် သဘောတူညီခဲ့ကြသည်ဟု ဥက္ကဋ္ဌဦးအောင်ရွှေက ထုတ်ဖော်ပြောကြားခဲ့သည်။

# နှစ်ဆန်းတရက်နေ့ အင်းယားကန် ငါးလွှတ်ပွဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပ

မြန်မာနှစ်သစ်ကူး ရိုးရာအစဉ် အလာဖြစ်သည့် ငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း တရက်နေ့၌ အင်းယားကန်ဇောင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပရာ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်များ၊ ဗဟိုအမျိုးသမီးအဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ အပါအဝင် အဖွဲ့ချုပ်အဖွဲ့ဝင်အင်အား (၅၀၀)ခန့် ပါဝင်လှုပ်ရှားကြသည်ဟု သိရသည်။

ပင်နီတိုက်ပုံ၊ ပင်နီရင်ဖုံးအင်္ကျီများ ဝတ်ဆင်ထားသည့် အင်းယားကန်ဆီသို့ ကမ္ဘာအေးလမ်းမတလျှောက် တန်းစီလျှောက်နေသော အင်အား(၅၀၀)ခန့်ရှိ အဖွဲ့ချုပ် အဖွဲ့ဝင်များအား လမ်းဘေးဝဲယာတလျှောက်မှ လက်ပြအားပေးသူများ အထူးများပြားသည်ဟု သတင်းများအရ သိရှိရသည်။



အဖွဲ့ချုပ်ဝင်များ ကမ္ဘာအေးဘုရားလမ်းတလျှောက် အင်းယားကန်သို့ ချီတက်လာစဉ်

ပြီးခဲ့သည့် အမျိုးသားအောင်ပွဲနေ့တွင်လည်း အဖွဲ့ချုပ် အင်အား (၅၀၀)ခန့်သည် ရွှေတိဂုံဘုရားရှိ ဘုန်းကြီးကျောင်းတကျောင်းမှ ယာယီအမျိုးသားဒီမိုကရေစီအဖွဲ့ လူငယ်ရုံးစိုက်ရာ ဦးသန်းထွန်းနေအိမ်သို့ တန်းစီ ချီတက်ခဲ့ကြသည်။

ဤလှုပ်ရှားမှုများသည် စစ်အုပ်စုက မည်မျှပင် ဖိနှိပ်စေကာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခိုင်မာစွာ ဆက်လက်၍ ဒီမိုကရေစီရေးကို ဦးဆောင်နေဆဲ ဖြစ်သည်ဆိုသည့်အချက်ကို သက်သေပြရာရောက်သည်ဟု ပြည်တွင်းလွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ သခင်ချန်ထွန်းက "ဒီပဲယင်းကိစ္စပြီးကတည်းက လူငယ်တွေမှာ ဆန္ဒအတော်ပြင်းထန်နေတယ်။ သူတို့မှာ မခံမရပ်နိုင် မဖြစ်နေတာတွေ တော်တော်ကို ပြင်းထန်နေတာ ကျနော် တွေ့မြင်နေရတယ်။ အမှန်ကတော့ ကြီးတာကို ငယ်အောင်၊ ငယ်တာကို ပပျောက်အောင် လုပ်ရမှာ။ အဲလို ထိန်းသိမ်းတာကို လုပ်ဖို့ ကောင်းပါတယ်။ ခြိမ်းခြောက်ရုံနဲ့တော့ မရနိုင်တော့ဘူးလို့ ထင်တယ်။ ခေတ်က အဲ့ဒီခေတ်မဟုတ်ဘူး၊ တဖြည်းဖြည်းနဲ့ ခေတ်ကပြောင်းသွားပြီ။ အစိုးရအနေနဲ့ ဒါသတိထားဖို့ ကောင်းတယ်။ ဘယ်လိုလုပ်ရကိုင်ရရင် ကောင်းမလဲဆိုတာ စိတ်သဘောထားကြီးကြီးနဲ့ စဉ်းစားပြီးတော့ လုပ်ကြဖို့ ကောင်းတယ်"ဟု ငါးလွှတ်ပွဲနှင့် စပ်လျဉ်း၍ အခြေအနေအရပ်ရပ်ကို မှတ်ချက်ချပြောဆိုခဲ့သည်။ ❖



အင်းယားကန်အတွင်း ငါးလွှတ်ပွဲကျင်းပနေစဉ်